မအူတော ကျေးရွာ

မအူတော ကျေးရွာအုပ်စု၊ ပြည်မြို့နယ်

ပဲခူးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ(၂၀၁၈-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မအူတောကျေးရွာ၊ပြည်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်မြို့နယ်နှင့် ဒေါ်အေးအေးသော် **-LIFT/Technical Assistant Team** တို့ကူညီရေးဆွဲသည်။)

၂၀၁၈၊ ဇွန် လ

# မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

မအူတောကျေးရွာသည် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ပြည်ခရိုင်၊မအူတော ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး မြောက်ဘက်တွင် တောင်ကုန်း တောင်တန်းများရှိသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန် လက်မ(၆၀-၆၅) ခန့်ရရှိသည်။သဘာဝပေါက်ပင်များမှာ-အင်၊ပျဉ်းကတိုး၊ သစ်ရာ၊ထောက်ကြံ၊ဝါး၊ကုက္ကို၊မကျည်း၊လက်ပံပင်များ ပေါက်ရောက်ပါသည်။မိုးစပါးစိုက်ပျိုးနိုင်သော လယ်ဧက ( ၉၇၆)ဧကနှင့် ရေသွင်းစိုက်ပျိုးနိုင်သော လယ်မှာ ဧက (၅၀၀) ရှိပါသည်။ ယာ စိုက်ပျိုးနိုင်သော မြေဧကမှာ (၅၁၈) ဧကရှိပြီး အဓိက စိုက်ပျိုးသီးနှံများမှာ -စပါး၊ မြေပဲ၊နှမ်း၊ပြောင်း၊ ပဲတီစိမ်းတို့ဖြစ်သည်။စိုက်ပျိုးမြေများမှာ မြေဆီ၊မြေနှစ်များ မကောင်းသည့် အတွက် သီးနှံအထွက်နှုန်း နည်းပါးပါသည်။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ပရဟိတလုပ်ငန်းများ၊သာရေး၊နာရေးလုပ်ငန်းစသော ကိစ္စရပ်များကို ကျေးရွာလူထုနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြသည်။အဖွဲ့အစည်းများအနေဖြင့် ေဂါပကအဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊လူငယ်အဖွဲ့၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊မိဘဆရာအသင်း၊မေ့စကြ်ာအသင်း၊အမျိုးသမီးရေးရာ၊မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊လမ်းပြုပြင်ထိန်းသိမ်းရေးကော်မတီနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီတို့ဖွဲ့စည်းကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်လျှက်ရှိပါသည်။ကျေးရွာတွင် သာရေး၊နာရေးနှင့် လူမှုရေးကိစ္စများ ပေါ်ပေါက်ပါက ရွာသူ/သားများမှ ဝိုင်းဝန်းဆောင်ရွက်ကြသော အလေ့အကျင့်ကောင်းများရှိပါသည်။ထို့ကြောင့် လူမှုရေး ကိစ္စရပ်များဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ အားကောင်းကြောင်း တွေ့ရပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ကျပန်းလုပ်ကိုင်သူများလည်းရှိသည်။မိုးရာသီတွင် နှစ်စဉ် မိုးစပါးနှင့် မြေပဲစိုက်ပျိုးကြသည်။ဆောင်းသီးနှံများမှာ ဆောင်း မြေပဲ၊ နှမ်း၊ပဲတီစိမ်းတို့စိုက်ပျိုးသည်။နွေရာသီတွင်ရေသွင်းစိုက်ပျိုးသောသီးနှံအဖြစ်စပါးကိုသာ စိုက်ပျိုးသည်။စပါးအထွက်နှုန်းမှာ အနည်းဆုံး(၁)ဧကလျှင် (၄၀) တင်း၊အများဆုံး(၆၀)တင်းထွက်ရှိပြီး ပျမ်းမျှ(၅၂)တင်းဖြစ်သည်။မြေပဲအထွက်နှုန်းမှာ(၁)တင်းစိုက်လျှင် အနည်းဆုံး(၁၅)တင်းနှင့် အများဆုံး (၃၀) တင်း၊ပျမ်းမျှ(၂၀)တင်းထွက်ရှိပါသည်။စိုက်ပျိုးမြေများမှာ သဲဆန်သော မြေများဖြစ်၍ အထွက်နှုန်းနည်းပါးပါသည်။မိုးစပါးကို ဇူလိုင်လနှင့် ဩဂုတ်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာတွင် နှစ်စဉ်ရိတ်သိမ်းလေ့ရှိပါသည်။

ကျေးရွာ၏ အဓိကစိုက်ပျိုးသော စပါးနှင့်မြေပဲတို့သည် အကျိုးအမြတ်ရရှိမှုနည်းပါးပါသည်။ အကြောင်းမှာ သီးနှံပေါ်ချိန်တွင် ဈေးကွက်တည်ငြိမ်မှုမရှိခြင်း ၊သွင်းအားစုများဈေးနှုန်း မြင့်မားပြီး အရည်အသွေးမမှန်ကန်ခြင်း၊မျိုးကောင်းမျိုးသန့် မရှိခြင်းတို့ကြောင့် ဖြစ်သည်။ကျေးရွာတွင် ကျပန်းလုပ်ကိုင်သူများသည် ရာသီအလိုက်အလုပ်အကိုင် ပေါများသော်လည်း၊ပွင့်လင်းရာသီများတွင် အလုပ်အကိုင်ရှားပါးသည်)။အလုပ်အကိုင်နည်းပါးသည့် အကျိုးဆက်အနေဖြင့် အခြားဒေသသို့ ဝင်ငွေရရှိရေးအတွက် သွားရောက်လုပ်ကိုင်ရသဖြင့် ကျေးရွာတွင် လုပ်သားအင်အားရှားပါးလာသည်။ သက်ဆိုင်ရာဌာနများမှ စက်ချုပ်သင်တန်းများ လာရောက်ဖွင့်လှစ်ပေးပါက အလုပ်အကိုင်အခွင့်အလမ်းများရနိုင်သည်။

အခြားသားငါးမွေးမြူရေးကဏ္ဍအနေဖြင့် ကျေးရွာတွင် ငါး၊ပုဇွန်မွေးမြူရေးနှင့် ပတ်သက်သော အသိပညာဗဟုသုတ နည်းပါးသည့်အတွက် တစ်နိုင်တစ်ပိုင်မွေးမြူသူ အိမ်ထောင်စု(၂)စုသာရှိပါသည်။

### (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စုများအားလုံးသည် သန့်ရှင်းသော သောက်သုံးရေကို သုံးစွဲနိုင်ပြီး အဝီစိတုံကင်တွင်းနှင့် အဝီစိစက်တပ်များကို အသုံးပြုကြသည်။ကျေးရွာတွင် အိမ်ထောင်စု၏( ၉၇.၇ %)ခန့်သည် ကိုယ်ပိုင်အဝီစိ တုံကင်တပ်ရေတွင်းများကို အသုံးပြုနိုင်ကြသည်။

ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပြီး ကျောင်းအဆောက်အဦးအကျယ်အဝန်းမှာ ဧရိယာစတုရန်းပေ (အလျား ၇၀ ပေ* အကျယ် ၃၀ ပေ*အမြင့် ၁၂ ပေ)ရှိသည်။ကျေးရွာသူ/သားများ

သည် ဆင်းရဲသူများပြားသောကြောင့် မူလတန်းပညာရေးကို ဆုံးခန်းတိုင်ပညာသင်ကြားနိုင်သော်လည်း အလယ်တန်းပညာရေးတွင် ရွာနှင့် (၄)မိုင်ခန့်ကွာဝေးသော ကျောင်းသို့ သွားရောက်ပညာသက်ကြားရပါသည်။ထို့ကြောင့် ကုန်ကျစရိတ်များပြီး ကျောင်းထွက်သူများရှိသည်။ အခြေခံပညာ မူလတန်းလွန်ကျောင်းရရှိပါက ကျောင်းကုန်ကျစရိတ်များ သက်သာစေပြီး ကျောင်းထွက်နှုန်းနည်းပါးသွားနိုင်ပါ သည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် လယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အတွက်လိုအပ်သော ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။ကျေးရွာတွင် စိုက်ပျိုးရေးသမဝါယမအသင်းဖွဲ့စည်းထားပြီး သမဝါယမအသင်းမှ စိုက်ပျိုးရေးလုပ်ငန်းအတွက် တစ်အိမ်ထောင်လျှင် မြေဧက (၅)ဧက ရှိပါက (၂၀၀၀၀၀-၃၀၀၀၀၀) ကျပ်အထိထုတ်ချေးနိုင်ပါသည်။ ကျေးရွာတွင် အခြားသော ပုဂ္ဂလိက ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုများ မရှိပါ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက်သာ မကဘဲ အခြားအသေးစား စီးပွားရေးလုပ်ငန်းများဖြစ်သော တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း၊အရောင်းအဝယ်လုပ်ငန်းများအ တွက် ချေးငွေများလိုအပ်ပါသည်။

## (င) ပညာရေး

ကျေးရွာသူ/သားများသည် ပညာရေးအဆင့်အတန်းအသင့်အတင့်ရှိကြောင်း တွေ့ရသည်။ကျေးရွာတွင် မူလတန်းကျောင်းရှိသဖြင့် အများစုမှာ မူလတန်းပညာရေးအား တက်မြောက်ကြသည်။အလယ်တန်းနှင့်အထက်တန်းပညာရေးတွင် ရပ်ဝေးသို့သွားရောက် ကျောင်းတက်ရသဖြင့် ကုန်ကျစရိတ်များပြားသည်။အလယ်တန်းကျောင်းမှာ ကျေးရွာနှင့် (၅)မိုင်ခန့်ဝေးသော ဝက်ထီးကန်မြို့နယ်၊ အထက်တန်းကျောင်းမှာ (၁၄)မိုင်ခန့်ကွာဝေးသော ပြည်မြို့သို့ သွားရောက် စီးပွားရေးအဆင်မပြေသော မိသားစုများရှိသဖြင့် အလယ်တန်းအဆင့်တွင်ကျောင်းထွက်သူများလည်းရှိသည်။မူလတန်းလွန်ကျောင်း ရရှိပါက ကျောင်းအသုံးစရိတ်များနည်းပါးလာနိုင်ပြီးကျောင်းထွက်နှုန်းနည်းကာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။

**(စ) ကျန်းမာရေး**

ရွာသူ၊ရွာသားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါလည်း နည်းပါးသည်။ရာသီဥတုလိုက်၍ ကူးစက်တက်ကြသော ရောဂါများ(ကလေးများ သွေးလွန်တုပ်ကွေး၊ ဝမ်းလျှောဝမ်းပျက်၊ရာသီတုပ်ကွေး)အနည်းငယ်ရှိသည်။ကျေးရွာတွင် ကလေးသူငယ်များ အာဟာရ ချို့တဲ့မှုမရှိပါ။လစဉ်ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးများကို ကလေးသူငယ်များ၊ကိုယ် ဝန်ဆောင် မိခင်များအား လာရောက်ထိုးနှံမှုများရှိပါသည်။

ကျန်းမာရေးဗဟုသုတအနေဖြင့် ကျန်းမာရေးဌာနများမှ လာရောက်၍ ဟောပြောပွဲများပြုလုပ် ပေးလေ့ရှိပါသည်။သို့ရာတွင် လိုက်နာမှုအားနည်းခြင်း၊ အာဟာရဆိုင်ရာ ဗဟုသုတများလိုအပ်လျက်ရှိ နေပါသေးသည်။ကျန်းမာရေးဌာနမှ နှစ်စဉ်ပိုးလောက်လန်းများ စစ်ဆေးခြင်း၊ယင်လုံအိမ်သာ သုံးစွဲမှုရှိ၊ မရှိ စစ်ဆေးခြင်းများရှိပါသည်။ကျေးရွာတွင် ကျန်းမာရေး နှင့် ပတ်သက်သော ကိစ္စရပ်များ ပေါ်ပေါက် လာပက ရွာနှင့် (၁၀)မိုင်အထက်ဝေးသော ပြည်သူ့ဆေးရုံ သို့သွားရောက်ရပြီး အချိန်မီပြသနိုင်မှု အားနည်းပါသည်။ထို့ကြောင့် ကျေးလက်ကျန်းမာရေးဌာနခွဲ လိုအပ်လျက်ရှိပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာ၏ လောင်စာအဖြစ် သစ်တောထွက် သယံဇာတဖြစ်သော သစ်ပင်များအား နှစ်စဉ်ခုတ် လှဲနေရသဖြင့် သစ်တောပြုန်းမှုများရှိပါသည်။သစ်တောပြုန်းတီးခြင်းကြောင့် မိုးခေါင်ခြင်း၊မြေဆီ လွှာများပျက်စီးခြင်းများရှိသည်။ လယ်ယာမြေများသည် သီးထပ်စိုက်ပျိုးခြင်း၊ဓါတုဗေဒ ကွန်ပေါင်း မြေဩဇာများအသုံးပြုခြင်း၊အော်ဂဲနစ် မြေဩဇာများ အသုံးပြုမှုနည်းပါးခြင်း၊နည်းစနစ်မမှန်ခြင်း ကြောင့် မြေဆီလွှာပက်ယွင်းမှုများနှင့် ကြုံတွေ့နေရသည်။သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက် ရေးအနေဖြင့် သစ်တောဝန်ကြီးဌာနမှ ထင်းစိုက်ခင်းများ (ယူကလစ်စိုက်ခင်း)လာရောက် လုပ်ကိုင် လျှက်ရှိပါသည်။

**(ဇ) ကျား – မ ရေးရာ**

ကျား၊မဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူမှုရေးအဖွဲ့ အစည်း များတွင် အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်လျက်ရှိပါသည်။အမျိုးသမီးများသည် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းများတွင် ကောက်စိုက်ခြင်း၊ပေါင်းနှုတ်ခြင်း၊ပဲစိုက်ခြင်း၊စပါးရိတ်ခြင်း စသည့်လုပ် ငန်းများကို

လုပ်ကိုင်ကြသည်။အမျိုးသမီးနှင့် အမျိုးသားများ လုပ်အားခနှုန်းထားများကွာ ခြားမှုရှိသည်။ လုပ်ငန်း အမျိုးအစားများ ကွဲပြားသောကြောင့်လည်း လုပ်ခနှုန်းထားများ ကွာခြားခြင်း ဖြစ်သည်။

ကျေးရွာတွင် အမျိုးသမီးများအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မရှိ သလောက် နည်းပါးပါသည်။ကျေးရွာတွင် အမျိုးသမီးများတန်းတူအခွင့်အရေးရှိပြီး အဖွဲ့အစည်းများ တွင်လည်း စိတ်ပါဝင်စားစွာ ဝင်ရောက်လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။

၅။ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား

ပြည်မြို့နယ်၊ မအူတော ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရာ | အခွင့်အလမ်း | အဟန့်အတား | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ကဏ္ဍ-လမ်းပန်းဆက်သွယ်ရေး | | | | | | |
| ၁။ | • မိုးတွင်းကာလတွင် ကားလမ်းမကြီးမှ ရွာတွင်းသို့ဝင်ရောက်သည့်ချဉ်းကပ်လမ်းမှာသွားလာ၊ကုန်စည်ရောင်းဝယ်ရန်ခက်ခဲခြင်း၊ | • မြေနီလမ်းမှာ လွန်ခဲ့သော ဖနှစ်ခန့်က ခင်းထားသော်လည်း လမ်း အရည်အသွေး အားနည်းခြင်း၊<br>• မြေသားများသာကျန်တော့ခြင်း၊<br>• လှည်းများ၊ကားများ သွားရန်လမ်းသီးသန့်မရှိခြင်းကြောင့် လမ်းပျက်စီးမှုပိုမိုများပြားခြင်း၊<br>• စနစ်တကျစည်းကမ်း သတ်မှတ်မှု၊လိုက်နာမှုများ မရှိခြင်း၊<br>• ပြုပြင်ထိန်းသိမ်းရန် ရံပုံငွေ များ မရှိခြင်း၊ | • ရပ်ရွာသူ/သားများမှ လုပ်အားဖြင့် ပါဝင်နိုင်ကြခြင်း၊<br>• တစ်နိုင်တစ်ပိုင် နှစ်စဉ် ပြုပြင်မှု အနည်းငယ်ရှိခြင်း၊<br>• မြေနီအား ကျေးရွာအနီးဝန်းကျင်တွင် ဈေးသက်သာစွာဖြင့် ဝယ်ယူနိုင်ခြင်း၊<br>• ကျေးရွာမှ မြေနီ၊သဲ၊ကျောက် တို့သယ်ယူရန် ကား၊လှည်းစသည့် | • ကိုယ်ထူကိုယ်ထ လမ်းခင်းရန် ငွေကြေးမတတ်နိုင်ခြင်း၊<br>• မြို့နယ်ဦးစီးဌာန၏ ရံပုံငွေရရှိမှုအပေါ်တွင် မူတည်ခြင်း၊ | • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖများနှင့် ဆွေးနွေးပြီး ကျေးလက်ဦးစီး၊ကျေးလက်လမ်းဦးစီးဌာန သို့ တင်ပြတောင်းခံရန်၊<br>• ကျေးရွာလူထုအစည်းအဝေးခေါ်ယူ၍ လုပ်သားအင်အား၊ငွေကြေး အင်အား ကြိုတင် သတ်မှတ်စုဆောင်ရန်၊<br>• နှစ်စဉ်လမ်းပြုပြင် ထိန်းသိမ်းရေး အစီအစဉ်များကို ကြိုတင်ရေးဆွဲခြင်း | ၁။ချဉ်းကမ်းလမ်း (အလျား ၁၄၀၀၀ ပေ* အနံ ၁၅ ပေ * ထုဖလက်မ)အားကျောက်ချောလမ်း ခင်းနိုင်စေရေး စီမံချက်။<br>• ဦးစီးဦးဆောင်၍လုပ်ဆောင်သူများသတ်မှတ်ဖွဲ့စည်းခြင်း၊<br>• ကျေးရွာလူထု အစည်းအဝေးကျင်းပခြင်းနှင့် ငွေအား၊လူအား သတ်မှတ်လျာထားခြင်း၊<br>• သက်ဆိုင်ရာဦးစီးဌာနသို့ ချိတ်ဆက်တင်ပြဆောင်ရွက်ခြင်း၊<br>• ပြုပြင်ထိန်းသိမ်းရေး |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ယာဥ်များ အလုံအလောက်ရှိခြင်း၊<br>• လွှတ်တော်ကိုယ်စားလှယ်၊JICA အဖွဲ့အစည်းတို့ထံမှ ချိတ်ဆက်အကူအညီတောင်းခံထားခြင်း၊ | | ပြုရန်နှင့်ငွေကြေးစုဆောင်းခြင်းနည်းလမ်းများ ချမှတ်ရန်၊ | စနစ်နှင့် ငွေကြေးအစီအမံများထားရှိခြင်း၊ |
| ကဏ္ဍ-ပညာရေး | | | | | | |
| ၂။ | အလယ်တန်းအဆင့်တွင်ကျောင်းသား/သူများ ကျောင်းထွက်နှုန်းများခြင်း | • ကျေးရွာတွင်းမူလတန်းကျောင်းသာရှိခြင်း၊<br>• အလယ်တန်းကို (၃)မိုင်အကွာရှိမိန်းမရဲကျေးရွာတွင်လည်းကော င်း၊အထက်တန်းအဆင့်ကို(၅)မိုင်ခန့်အကွာရှိ ဝက်ထီးကန်မြို့တွင်လည်းကောင်းသွားရောက်သင်ယူရခြင်းကြောင့်ငွေကြေးကုန်ကျမှုများခြင်း(အထူးသဖြင့် ဝင်ငွေ | • အဆောက်အဦးဆောက်လုပ်ရန်မြေနေရလုံလောက်စွာရှိခြင်း၊<br>• ကျေးရွာလူထုမှငွေအား(အနည်းငယ်)၊လုပ်အားပါဝင်နိုင်ခြင်း၊<br>• ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊မိဘဆရာအသင်းတို့မှ | • မြို့နယ်ပညာရေးဦးစီးဌာန၏ ရံပုံငွေရရှိမှု၊ခွင့်ပြုမှုအပေါ်တွင်မူတည်ခြင်း၊ | • ကျေးရွာအုပ်ချုပ်ရေးမှူး၊မိဘဆရာအသင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ပူးပေါင်း၍<br>• ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်၍စဉ်ဆက်မပြတ်တင်ပြဆွေးနွေးခြင်း၊<br>• ကျေးရွာနှင့် ပြင်ပမှပုဂ္ဂလိကအလှူရှင်၊စေတနာရှင်တို့ထံမှ ရံပုံငွေအကူအညီတောင်းခံ ခြင်း၊ | ၂။မူလွန်ကျောင်းအဖြစ်အဆင့်တိုးမြှင့်ခြင်း၊<br>• ကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖတို့မှကျောင်းကော်မတီ၊မိဘဆရာအသင်းတို့နှင့် ညှိနှိုင်းဆွေးနွေး၍<br>• ပညာရေးဦးစီးဌာနသို့တင်ပြတောင်းခံခြင်း၊<br>• ငွေကြေး၊လုပ်သားအင်အား ကျေးရွာတွင်း၊ရွာပြင်စုဆောင်းကောက်ခံခြင်း၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | | နည်းမိသားစုများမှာ ကျောင်းမထားနိုင်ခြင်း)<br>• မကြာခဏ ဖျားနာကြခြင်း၊<br>• ယာဉ်အန္တရာယ်စိုးရိမ်ရခြင်း၊<br>• ကျောင်းသူများ၏ လုံခြုံရေးအတွက် မိဘများမှ စိုးရိမ်နေရခြင်း။ | လုပ်ဆောင်မှုမှာ အသင့်အတင့်ကောင်းမွန်ခြင်း၊<br>• မူလွန်ကျောင်းအဖြစ်ချထားပေးရန် ပညာရေးဦးစီးဌာနသို့(၂) နှစ်ဆက်တိုက်တင်ပြထားပြီးဖြစ်၊<br>• NFPE အစီအစဉ်ရှိပြီးကျောင်းသား/သူ (၁၄) ဦး သင်ယူနေကြခြင်း၊ | | • ကျေးရွာလူထုမှ ထည့်ဝင်နိုင်သောငွေကြေးပမာဏ၊လုပ်သားအင်အားသတ်မှတ်ခြင်း၊ | |
| ကဏ္ဍ-မီးလင်းရေး | | | | | | |
| ၃။ | • လျှပ်စစ်မီးမရရှိသေးခြင်း၊ | • ဌာနဆိုင်ရာနှင့် ချိတ်ဆက်လုပ်ဆောင်နိုင်မှုအားနည်းခြင်း၊<br>• မဟာဓါတ်အားလိုင်းမှာ၂.၂မိုင်အကွာအဝေးရှိ ရွှေပြည်မြေကုမ္ပဏီသို့ ရောက်ရှိပြီးဖြစ်ခြင်း၊<br>• ကျေးရွာလူထုမှ | • မီးလင်းရေး ကော်မတီဖွဲ့စည်းထားရှိပြီးခြင်း၊<br>• CB ဘဏ်တွင် (၆၇သိန်း)ကျပ်စုဆောင်းထားပြီးဖြစ်ခြင်း၊ | • ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် ၂ မိုင်အထက်တွင် တည်ရှိခြင်း၊ | • ကျေးရွာမှ သက်ဆိုင်ရာလူကြီးများမှလျှပ်စစ်ဦးစီးဌာနသို့တင်ပြလျှောက်ထားခြင်း၊<br>• လိုအပ်သော ငွေကြေးပမာဏအားကြိုတင်စုဆောင်ထားရှိခြင်း၊<br>• အိမ်တိုင်းစေ့မီးလင်းနိုင်ရ | ၃။လျှပ်စစ်မီးရရှိရေး။<br>• ကျေးရွာမှတာဝန်ရှိသူများ၊မီးလင်းရေးကော်မတီမှ လျှပ်စစ်ဦးစီးဌာနသို့တင်ပြပြောင်းခံခြင်း၊<br>• ရပ်ရွာလူထုမှ ငွေကြေးစုဆောင်းထားရှိ၍ ဘဏ်တွင်စာရင်းဖွင့်လှစ်ထားရှိ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ခန့်မှန်းကုန်ကျစရိတ်၏ ထက်ဝက် ကျော်ခန့်အား ကျေးရွာလူထုမှထည့်ဝင်နိုင်ခြင်း၊<br>• ကျေးရွာလူထုတစ်ရပ်လုံးမှစိတ်ပါဝင်စားမှုရှိခြင်း၊ | | | န်ပုဂ္ဂလိကလုပ်ငန်းရှင်များ၊မြို့နယ်တာဝန်ရှိသူများ ချေးငွေထုတ်ချေးပေးရန်တင်ပြဆွေးနွေးခြင်း၊ | ခြင်း၊<br>• မီးလင်းရေးအတွက်ချေးငွေ၊<br>• ရေရှည်ထိန်းသိမ်းရေးအစီအစဉ်များ ရေးဆွဲ၍ ကျေးရွာလူထုမှ သဘောတူ သတ်မှတ်ထားခြင်း၊ |
| ကဏ္ဍ-ကျန်းမာရေး | | | | | | |
| ၄။ | • ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များပြားခြင်း၊<br>• ကျန်းမာရေးအသိပညာအားနည်းခြင်း၊ | • မိန်းမရဲကျေးရွာ(၃)မိုင်ခန့်အကွာ၊ပြည်ဆေးရုံနှင့် (၁၄)မိုင်ခန့်အကွာသို့သွားရောက်ပြသရခြင်း၊<br>• ကျန်းမာရေးအတွက်ကုန်ကျစရိတ်များခြင်း၊<br>• ကျန်းမာရေးဆိုင်ရာအသိပညာပေးမှု အားနည်းခြင်း၊ | • ကျန်းမာရေးအဆောက်အဦးဆောက်လုပ်ရန် မြေနေရာရှိခြင်း၊<br>• ကျေးရွာလူထုမှ လုပ်အားဖြင့်ပါဝင်လာနိုင်ခြင်း၊ | •ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှုအားနည်းခြင်း၊<br>•ကျေးရွာလူထုမှလုပ်အားဖြင့်အဆောက်အဦးဆောက်ရာတွင်ပါဝင်ကူညီနိုင်ခြင်း။ | • ကျေးရွာတွင်းကျန်းမာရေးလုပ်သားများ ပေါ်ထွက်လာစေရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများမှ ဦးဆောင်၍ လူငယ်များအား စည်းရုံးဆွေးနွေးခြင်း၊<br>• ကျန်းမာရေးဦးစီးဌာနသို့ ကျေးလက်ကျန်းမာရေးေ ေးပေးခန်းတင်ပြတောင်းဆိုခြင်း၊<br>• ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲများပိုမိုကျ | ၄။ကျန်းမာရေးဝန်ဆောင်မှုကောင်းစွာလက်လှမ်းမီစေရေး။<br>• ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးလက်ကျန်းမာရေးဆေးပေးခန်းရရှိရန် တင်ပြတောင်းခံခြင်း၊<br>• ကျန်းမာရေးလုပ်သား၊အရံသားဖွားများပိုမိုပေါ်ထွက်လာရန် လူငယ်များအား စည်းရုံးဆွေးနွေးခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ယ်ပြန့်စွာဆောင်ရွက်နိုင်ရန် လူထုအား စည်းရုံးဆွေးနွေးခြင်း၊ | • ကျန်းမာရေး အသိပညာပေးဟောပြောပွဲများအားစိတ်ပါဝင်စားမှုရှိစေရန်ဆွေးနွေး ခြင်း၊ |
| ကဏ္ဍ-စိုက်ပျိုးရေး | | | | | | |
| ၅။ | • စပါး၊မြေပဲစိုက်ပျိုးခြင်းမှအကျိုးအမြတ်ရရှိ မှုနည်းပါးခြင်း၊<br>• ဈေးနှုန်းတည်ငြိမ်မှုမရှိခြင်း။ | • မြေဆီလွှာအမျိုးအစားအားစမ်းသပ်မှုမပြုဘဲ မြေသြဇာများအသုံးပြုနေခြင်း၊<br>• တောင်သူများနည်းပညာများအားလိုက်နာမှုအားနည်းခြင်း၊<br>• မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးငွေဖြင့်မလုံလောက်သဖြင့်ပြင်ပမှ အတိုးကြီးဖြင့်ချေးယူရခြင်း၊<br>• ကုန်သည်များ၏ဈေးကစားမှုခံရခြင်း၊ပြည်ပမှ ဝယ်ယူမှုမရှိခြင်း၊ | • ကုမ္ပဏီများမှ ပိုးသတ်ဆေး၊မြေသြဇာများ အကြွေးစနစ်၊သီးနှံပေါ်ပေးစနစ်ဖြင့်ရောင်းချခြင်း၊<br>• ရေတံခွန်အဖွဲ့မှ စိုက်ပျိုးရေးနည်းပညာများပေးခြင်း၊<br>• တောင်သူများ အစုအဖွဲ့ ဖွဲ့စည်းထားပြီးအချင်းချင်းချိတ်ဆက်လုပ်ဆောင်ခြင်း၊<br>• စိုက်ပျိုးရေးဦးစီးဌာနမှ တစ်နှစ်လျှင် (၃) | • မြေဆီလွှာအမျိုးအစားများစမ်းသပ်သိရှိလိုသော်လည်း ငွေကြေးကုန်ကျမှုများခြင်း၊<br>• ဈေးကွက်ဆိုင်ရာ အသိပညာဗဟုသုတ၊သတင်းအချက်အလက်လက်လှမ်းမီမှုအားနည်းခြင်း၊ | • တောင်သူအစုအဖွဲ့မှ ဦးဆောင်၍<br>• စိုက်ပျိုးရေးဦးစီးဌာန(သို့) စိုက်ပျိုးရေးပညာရှင်များနှင့် ချိတ်ဆက်၍ နည်းစနစ်များအားလက်တွေ့သင်ကြားခြင်းနှင့် လိုက်နာကျင့်သုံးခြင်း၊<br>• မြေဆီလွှာအမျိုးအစားများစမ်းသပ်စစ်ဆေးနည်းများနှင့် လိုအပ်သောအာဟာရများကို ဆွေးနွေးအကြံပြုခြင်း၊<br>• ဈေးကွက်ဆိုင်ရာ အသိပညာဗဟု သုတများကို လက်လှမ်းမီစေရန် ဒေသတွင်းရှိ ကုန်သည် | ၅။စိုက်ပျိုးသီးနှံများအတွက်နှုန်းတိုးတက်၍ ဈေးကောင်းရရှိနိုင်စေရေး။<br>• စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူအစုအဖွဲ့များ ဖွဲ့စည်း၍ကျေးရွာအုပ်စုတွင်း ကွန်ယက်ဖွဲ့စည်း ခြင်း။<br>• စိုက်ပျိုးမြေများ စနစ်တကျစစ်ဆေး၍ အမျိုးအစားသိရှိနိုင်ရန်ပံ့ပိုးကူညီခြင်း၊<br>• စိုက်ပျိုးရေးဦးစီးဌာန(သို့) စိုက်ပျိုးရေးပညာရှင်များ မှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်းများပေးခြင်း၊<br>• စံပြစမ်းသပ်ကွက်များ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ကြိမ်ခန့်လာရောက် အသိပညာပေးခြင်း၊ | | ကြီးများ၊တောင်သူများအစုအဖွဲ့ ဖွဲ့စည်းခြင်း၊ | ကျေးရွာအတွင်း စမ်းသပ်စိုက်ပျိုးခြင်း၊<br>• မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေပမာဏတိုးမြှင့်ထုတ်ချေးခြင်း၊<br>• ကုန်သည်များ၊တောင်သူအစုအဖွဲ့များစဉ်ဆက်မပြတ်တွေ့ဆုံနိုင်ရန်စီစဉ်ဆောင်ရွက်ခြင်း နှင့်ဈေးကွက်ဆိုင်ရာ ဗဟုသုတ၊ဖြစ်နိုင်ချေရှိ သောဈေးနှုန်းများနှင့် အလားအလာရှိသော သီးနှံများအကြောင်း သိရှိနိုင်စေခြင်း၊ |
| ကဏ္ဍ-စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | |
| ၆။ | • အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ | • အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုအားနည်းခြင်း၊<br>• စွန့်စားတီထွင်လိုစိတ်ရှိသော်လည်းဆုံးရှုံးမည်ကို စိုးရိမ်သဖြင့် စွန့်ဦး | • ပြည်မြို့တွင် အလယ်တန်း အောင်မြင်ပြီးပါက (၂)နှစ်အသက်မွေးဝမ်း ကြောင်းသင်တန်းအား တက် | • အသက်မွေးဝမ်းကြောင်း ပညာများ သင်ယူရန်ငွေကြေးမတတ်နိုင်ခြင်း ( ယင်းအချိန်အတွင်း ဝင်ငွေမရှိသဖြင့် မိသားစုစားဝတ်နေရေးအတွ | • သက်ဆိုင်ရာဦးစီးဌာန( သို့) အဖွဲ့အစည်းများမှ အသက်မွေးဝမ်းကြောင်းနည်းပညာသင်တန်းများပေးခြင်း၊<br>• စိတ်ပါဝင်စားသူများ | ၆။ဝင်ငွေသင့်တင့်ကောင်းမွန်သောအလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးလာစေရေး။<br>• စိတ်ပါဝင်စားသူများအားသက်ဆိုင်ရာဦးစီးဌာန(သို့) အဖွဲ့အစည်းများနှင့် ချိတ် |

| | | | | | | |
|---|---|---|---|---|---|---|
| | | တီထွင်မှုမရှိခြင်း၊<br>• ငွေအရင်းအနှီးလုံလောက်စွာမရှိခြင်း၊<br>• စက်ရုံများရှိသော်လည်း အလုပ်လုပ်လိုသူများပြားနေသဖြင့် အလုပ်ရရှိရန် ခက်ခဲခြင်း၊လုပ်အားခမှာ မြို့တွင် စားသောက်၊နေထိုင်စရိတ်ဖြင့် ကိုက်ညီမှုမရှိခြင်း၊<br>• အသေးစားအိမ်တွင်းထုတ်လုပ်မှု လုပ်ကိုင်ရန် နည်းပညာများ၊ ဗဟုသုတများမရှိခြင်း၊ | ရောက်နိုင်ခြင်း( ဝင်ခွင့်အောင်မြင်ရန်လိုအပ်)<br>• ရန်ကုန်၊မန္တလေး အစရှိသည့်မြို့ကြီးများတွင်ပန်းရံ၊ လက်သမား၊စက်ချုပ်စသည့် လုပ်ငန်းများသွားရောက်လုပ်ကိုင်ရန် အဆက်အသွယ်များရှိခြင်း၊<br>• ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ အသက်မွေးဝမ်းကြောင်းသင်တန်းများရရှိရန် ချိတ်ဆက်တင်ပြနိုင်ခြင်း၊ | က် အခက်အခဲရှိခြင်း)<br>• လက်ငင်းအကျိုးဖြစ်ထွန်းမည့်/ဝင်ငွေရရှိနိုင်မည့်အလုပ်များကိုသာ ရွေးချယ်လုပ်ကိုင်ကြခြင်း၊<br>• ဈေးကွက်ဆိုင်ရာ အသိပညာဗဟုသုတ အားနည်းခြင်း၊ | အား စွန့်စားတီထွင်လာလိုစိတ်ရရှိရန်လက်တွေ့ဆောင်ရွက်စေခြင်းဖြင့်အသိပညာပေးခြင်း၊<br>• သင့်လျော်သော အသေးစားချေးငွေများထုတ်ချေးပေးခြင်း၊<br>• ဈေးကွက်ဆိုင်ရာ အသိပညာများ ဖြန့်ဝေပေးခြင်း၊<br>• စက်ရုံ၊အလုပ်ရုံများဖွံ့ဖြိုးလာစေခြင်း၊ | ဆက်၍ အသက်မွေးဝမ်းကြောင်းသင်တန်းများ ရရှိရန် ဆောင်ရွက်ခြင်း၊<br>• အသေးစားငွေချေးအဖွဲ့များမှသင့်လျော်သောချေးငွေပမာဏကိုထုတ်ချေးခြင်း၊<br>• ဈေးကွက်ဆိုင်ရာ အမြင်ဖွင့်သင်တန်းပေးခြင်း၊<br>• လက်လှမ်းမီသောပြည်မြို့ကဲ့သို့သော မြို့ကြီးများတွင် ဆန်စက်၊သကြားစက်၊အထည်ချုပ်စက်များ ပိုမိုပေါ်ထွက်လာစေရန် လိုအပ်သော စက်၊နည်းပညာ၊ ချေးငွေ စသည်တို့ နိုင်ငံတော်အဆင့်မှပံ့ပိုးကူညီလာနိုင်စေရေး၊ |
| ကဏ္ဍ-လူငယ် | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၇။ | •လူငယ်များ အားကစားလုပ်ဆောင်မှုလေ့လာသင်ယူမှု အားနည်းခြင်း၊<br>•အမျိုးသမီးများအား ဥပဒေအရကာကွယ်စောင့်ရှောက်မှုများအား သိမြင်နားလည်မှုအားနည်းခြင်း၊ | •အချိန်ပိုများကိုအင်တာနက်များအသုံးပြုခြင်းဖြင့် အချိန်ကုန်ဆုံးနေကြခြင်း၊<br>•နေ့စားလုပ်ကိုင်ခြင်းဖြင့်သာအချိန်ကိုအများဆုံး အသုံးပြု ကြခြင်း၊<br>•စာအုပ်၊စာပေများအားလက်လှမ်းမီမှုအားနည်းခြင်း၊အသင်းအဖွဲ့ဖြင့်လူငယ်လှုပ်ရှားဆောင်ရွက်မှုများအားနည်းခြင်း၊<br>•ကျား၊မတန်းတူမှုဆိုင်ရာ၊အမျိုးသမီးအခွင့်အရေးဆိုင်ရာဗဟုသုတဖြန့်ဝေပေးနိုင်မှုအသင်းအဖွဲ့များ၊စာအုပ်စာပေလက်လှမ်းမီမှုများအားနည်းခြင်း၊ | • ပြန်/ဆက်ဦးစီးဌာနတွင်စာအုပ်၊စာပေများငှားရမ်းနိုင်ခြင်း၊<br>• လူငယ်များစုဝေးရန် နေရာကျယ်ကျယ်ဝန်းဝန်းရှိခြင်း၊ | •လူငယ်များကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်လိုစိတ်၊လေ့လာသင်ယူလိုစိတ်နည်းပါးခြင်း၊<br>•လေ့လာသင်ယူရန်လူငယ်ဖွံ့ဖြိုးရေးစင်တာများမရှိခြင်း၊<br>•ကျေးရွာပိုင်ထင်းစိုက်ခင်းမြေကေ (၅၀)အားအားကစားကွင်းအဖြစ်ပြောင်းလဲတည်ဆောက်ရန်၊ | •စာသင်ကျောင်းမှစ၍လူငယ်များအတွက်အားကစားပစ္စည်း၊အားကစားနည်းများလုံလောက်စွာပံ့ပိုးပေးခြင်း၊<br>•အားကစားကွင်းတည်ဆောက်ပေးခြင်း၊<br>•လူငယ်လေ့လာရေးစင်တာများထဖွင့်လှစ်၍ဖွံ့ဖြိုး ရေးသင်တန်းများပေးခြင်း၊<br>•စာသင်ကျောင်းများ၊လူငယ်များအတွက်ဗဟုတုတစာပေများ အလှည့်ကျငှားရမ်းဖတ်ရှုစေခြင်း၊<br>•ကျား၊မတန်းတူမှုဆိုင်ရာ၊အမျိုးသမီးအခွင့်အရေးဆိုင်ရာ၊ဥပဒေဆိုင်ရာအမြင်ဖွင့်ဆွေးနွေးပွဲများလုပ်ဆောင်နိုင်ရန် မြို့နယ်တာဝန်ရှိသည့်အဖွဲ့အစည်းများအားချိတ်ဆက်တင်ပြ | ၇။လူငယ်များကာယစွမ်းရည် တိုးတက်လာစေရန်နှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ၊ဥပဒေဆိုင်ရာအသိပညာများ ဖွံ့ဖြိုးလာစေရေး။<br>• နိုင်ငံတော်မှ လူငယ်များကာယဖွံ့ဖြိုးရေးအတွက် မူဝါဒသတ်မှတ်၍အားကစားနည်းများ၊အားကစားပစ္စည်းများနှင့် အားနွေးရာသီ သင်တန်းများပေးခြင်း၊<br>• အားကစားကွင်းအကောင်အထည်ပေါ်လာစေရန် မြေရှင်းသို့တင်ပြဆွေးနွေးခြင်း၊<br>• လူငယ်များအတွက် စာဖတ်ပွဲများ၊စာအုပ်များ အားလစဉ်ငှားရမ်းဖတ်ရှု့စေ ခြင်း၊<br>• ကျား၊မတန်းတူမှုဆိုင်ရာ၊အမျိုးသမီးအခွင့်အရေးနှင့် ဥပဒေဆိုင်ရာ ဆွေးနွေးပွဲများကျင်းပခြင်း၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ခြင်း(အမျိုးသမီးရေးရာ၊ဥပဒေရုံးစသည်ဖြင့်) | |
| ကဏ္ဍ-မွေးမြူရေး | | | | | | |
| ၈။ | • ဝက်အသေပေါက်များပြားခြင်း၊<br>• စီးပွားဖြစ်မွေးမြူနိုင်မှုမရှိခြင်း၊ | •ဝက်နားရွက်ပြာ၊ဝက်တုပ်ကွေးရောဂါများေြကြောင့်ဝက်များသေေြသေဖြင့်ဆုံးရှုံးမှုများခြင်း၊<br>•တိုးချဲ့မွေးမြူလိုသော်လည်း မွေးမြူရန်အတွက် သင့်လျော်သောဈေးငွေမရရှိခြင်း၊<br>•မွေးမြူရေးဆိုင်ရာဝန်ဆောင်မှု ကောင်းစွာမရရှိခြင်း(ပုံမှန်ကာကွယ်ဆေးထိုးနှံနိုင်မှု မရရှိခြင်း) | • တိရစ္ဆာန်သောက်သုံးရေလုံလောက် စွာရရှိခြင်း၊<br>• စားကျက်မြေအသင့်အတင့်ရှိခြင်း၊<br>• လွယ်ကူစွာရောင်းဝယ်နိုင်ခြင်း ၊<br>• ဖွဲနုစားကွဲစသည့်တိရစ္ဆာန်စာများလွယ်ကူစွာ ရရှိနိုင်ခြင်း၊<br>• ကာကွယ်ဆေးထိုးရန်မွေးမြူရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း(ရွာ | • စနစ်တကျမွေးမြူနိုင်ခြင်းမရှိသဖြင့်အကျိုးအမြတ်နည်းပါးြင်း(မွေးမြူရေးနည်းပညာများမရှိခြင်း) | • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှမွေးမြူရေးဦးစီးဌာနနှင့် ချိတ်ဆက်၍<br>-မွေးမြူရေးနည်းပညာများပြန့်ပွားလာစေရန်လုပ်ဆောင်ခြင်း၊<br>-ရွာတွင်း မွေးမြူရေးကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးခြင်း၊<br>-ကာကွယ်ဆေးပုံမှန်ထိုးနှံနိုင်ရန် အသိပညာပေးခြင်းနှင့်လုပ်ဆောင်ပေးခြင်း၊<br>-ဈေးငွေထုတ်ချေးသည့်အသေးစားချေးငွေအဖွဲ့များအားဒေသနှင့်သင့်လျော်သောချေးငွေစည်းကမ်းများ ချမှတ်နိုင်ရန်သက်ဆိုင်ရာတာဝန်ရှိသူ | ၈။အသေအပျောက်နှုန်းနည်း၍စီးပွားဖြစ်မွေးမြူလာနိုင်စေရေးစီမံချက်။<br>• မွေးမြူရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ မွေးမြူရေးနည်းပညာ၊အသိပညာများ ရရှိရန်ဆောင်ရွက်ခြင်း၊ကာကွယ်ဆေးပုံမှန်ထိုးနှံနိုင်ရန်(လက်ရှိအချိန်ထိ ထိရောက်စွာဆွေးနွေးဟောပြောခြင်းများမရှိသေးပါ။)<br>• စိတ်ပါဝင်စားသူ လူငယ်များနှင့် ဌာနတို့ အားချိတ်ဆက်၍ မွေးမြူရေးလုပ်သားများပေါ်ထွက်လာနိုင်စေရန်လုပ်ဆောင်ခြင်း၊<br>• မွေးမြူရေးလုပ်ကိုင်ရန်သင့်လျော်သော ချေးငွေကာ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | တွင်းတိရစ္ဆာန်ကုသရေးဆရာဝန်ရှိသော်လည်းကုမ္ပဏီများဖြင့်သာချိတ်ဆက်ဆောင်ရွက်လေ့ရှိကြ) | | များမှတဆင့်တင်ပြဆွေးနွေးခြင်း၊ | လ၊အတိုးနှုန်းဖြင့် ချေးငွေရရှိရန် တင်ပြတောင်းခံခြင်း၊ |

**(ဂ)ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ၊အစီအစဉ်များကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေး တွင် သဘောတူထားသော ဦးစားပေးစီမံချက်များမှာ တစ်ဖက်ပါအစီအစဉ်အတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူထားသော ဦးစားပေးစီမံချက်များမှာ-

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁ | လမ်း၊တံတား | ချဉ်းကပ်လမ်း အလျား ၁၄၀၀၀ ပေ* အကျယ် ၁၅ ပေ* ထု ၆လက်မ အားကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင်ပေးရန်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | ၄၇ | ၁ |
| ၂ | ပညာရေး | မူလွန်ကျောင်းအဖြစ်အဆင့်တိုးမြှင့်ပေးရန်အဆိုပြုတင်ပြခြင်း၊ | ၄၆ | ၂ |
| ၃ | မီးလင်းရေး | လျှပ်စစ်မီး ရရှိရန် အဆိုပြုတင်ပြခြင်း၊ | ၄၅ | ၃ |
| ၄ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေးဌာနခွဲ ရရှိရန် အဆိုပြုတင်ပြခြင်း၊ | ၄၂ | ၄ |
| ၅ | စိုက်ပျိုးရေး | စိုက်ပျိုးမြေများ အားစနစ်တကျစမ်းသပ်နည်းများ ၊စိုက်ပျိုးရေးနည်းပညာများရရှိရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>အရည်အသွေးမီ ဓါတ်မြေဩဇာများလက်လှမ်းမီစွာသုံးစွဲနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၄၀ | ၅ |
| ၆ | စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | အသက်မွေးဝမ်းကြောင်း သင်တန်းများရရှိရန်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | ၃၇ | ၆ |

| | | | | |
|---|---|---|---|---|
| ၇ | လူငယ်နှင့်ယာဉ်ကျေးမှု | စာအုပ်၊စာပေများ လက်လှမ်းမီလာစေရန် ပံ့ပိုးပေးခြင်းနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | ၃၃ | ၇ |
| | | အမျိုးသမီးအခွင့်အရေးနှင့် ဥပဒေဆိုင်ရာ အမြင်ဖွင့် ဆွေးနွေးပွဲများကျင်းပနိုင်ရန် အဆိုပြုတင်ပြခြင်း၊ | | |
| | | အားကစားကွင်းတည်ဆောက်ပေးရန် | | |
| ၈ | မွေးမြူရေး | ကာကွယ်ဆေးများပုံမှန်ထိုးနှံနိုင်ရန် ဝန်ဆောင်မှုပေးခြင်း | ၃၀ | ၈ |
| | | မွေးမြူရေးနည်းပညာပေးသင်တန်းများ ပေးခြင်း | | |
| | | မွေးမြူရေးလုပ်သားများမွေးထုတ်ပေးခြင်း | | |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ(မအူတောကျေးရွာ၊မအူတောကျေးရွာအုပ်စု)**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၁၁ | ၂၁ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၇ | ၁၆ | ၄၃ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၈ | ၃၄ | ၇၂ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၈ | ၂၆ | ၆၄ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၀၂ | ၃၁၀ | ၆၁၂ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၂၀ | ၃၄ |
| **စုစုပေါင်း** | | ၄၂၉ | ၄၁၇ | ၈၄၆ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၂၂၀ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု(၂၂၀) စုရှိပြီး လူဦးရေးစုစုပေါင်း (၈၄၆)ဦးရှိသဖြင့် တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ (၃.၈၄) ဦးရှိသဖြင့် နိုင်ငံတော်အဆင့် ပျမ်းမျှလူဦးရေ (၅)ဦးထက်

လျော့နည်းကြောင်း တွေ့ရှိရသည်။အလုပ်လုပ်နိုင်သည့် အရွယ်လူဦးရေမှာ ကျေးရွာလူဦးရေပေါင်း၏ ( ၇၂.၃၄ %)ရှိသဖြင့် ကျေးရွာအတွက် လုပ်သားအင်အား အရင်းအမြစ်ကောင်း တစ်ရပ်ပင်ဖြစ်ပါသည်။ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ်မှာ ကျေးရွာလူဦးရေ၏ ( ၂.၄၈ %)၊ ၅ နှစ်အောက်ကလေးငယ်မှာ ကျေးရွာလူဦးရေ၏ ( ၅.၀၈%)ရှိကြောင်း တွေ့ရသဖြင့် ကလေးမွေးဖွားမှုနှုန်းမှာ နည်းပါးကြောင်း တွေ့ရသည်။ သား ဆက်ခြား ခြင်း ဆိုင်ရာ၊မျိုးဆက်ပွားခြင်းဆိုင်ရာ အသိပညာများရှိပါသည်။ကျေးရွာရှိ အသက်(၆၅) နှစ်အရွယ် သက်ကြီးရွယ်အိုများမှာ ကျေးရွာလူဦးရေ၏ (၄.၀၂ %)ရှိပြီး သားသမီးများ၏ စောင့်ရှောက်မှု ကောင်းစွာ ရရှိကြပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၅ | ၂၀၅ | ၁၄ | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၁၀ | ၁ | မြင့် □ လတ် □ နိမ့် □ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂၂ | မြင့် □□□□လတ် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | | | | | □□□□နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | ၄ | မြင့် □□□□လတ် □□□□နိမ့် □ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၀ | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် □ လတ် □ နိမ့် □ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၇ | ၀ | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် □ လတ် □ နိမ့် □ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် □ လတ် □ နိမ့် □ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | ၂၈ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | ၀ | ၆ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၀ | ၁၁ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၀ | ၅ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၀ | ၂ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၀ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၄၇ | ၁၂၁ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | ၀ | ၁၀ | မြင့် □ လတ် □ နိမ့် □ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ နွားဝက် စီးပွားဖြစ် မွေးမြူသူ အိမ်ထောင်စု (၂၀)ခန့်၊ငါးကြင်း စမ်းသပ်မွေးမြူသူ အိမ်ထောင်စု (၂) စု၊ တောင်ထန်း၊ရှဥ့်ပတက်၊ဆေးပင် ဝယ်ယူခြင်း၊တူးခြင်းဖြင့် အသက်မွေးလုပ်ကိုင်သူ အိမ်ထောင်စု (၅) စု တွင် (၃)ဦးမှာ အသင့်အတင့် ဝင်ငွေကောင်းမွန်ခြင်း၊ လက်သမား ပန်းရံ (ခေါင်းဆောင်)အဖြစ် လုပ်ကိုင်သူ (၃) ဦးရှိပြီး ရှမ်းပြည်နှင့် အခြားမြို့ရွာများသို့ သွားရောက်လုပ်ကိုင်ခြင်း၊ အလုပ်သမားအဖြစ်လုပ်ကိုင်သူ အိမ်ထောင်စု (၂၀ -၅၀ )ခန့်ရှိကြောင်းတွေ့ရသည်။ စက်ချုပ်သူ အိမ်ထောင်စု (၄)အိမ်ရှိပြီး စက်ရုံ၊အလုပ်ရုံများတွင် သွားရောက်လုပ်ကိုင်သူ အိမ်ထောင်စု ( ၁၁ )၊လက်လီလက်ကား ရောင်းချသည့် အိမ်ဆိုင် (၅)ဆိုင်၊မြို့တွင်းလိုင်းကား ဆွဲသူ အိမ်ထောင်စု (၄)စု၊ငွေချေးသူ (၂) အိမ်ထောင်စု၊ စစ်တပ်တွင် တာဝန်ထမ်းဆောင်သူ (၄) ဦး၊ထွေ/အုပ် တွင် (၁) ဦး၊ ပညာရေးဝန်ထမ်း (၂) ဦး၊ကျန်းမာရေး ဝန်ထမ်း (၁) ဦး၊ ပြင်ပကုမ္ပဏီများတွင် လုပ်ကိုင်သူ (၁၀) ဦး၊ ခန့်ရှိကြောင်း တွေ့ရသည်။ ကျေးရွာတွင် လုပ်သားအင်အားများပြားကြောင်းတွေ့ရပါသည်။ အဓိကဝင်ငွေရလုပ်ငန်းမှာ လယ်ယာလုပ်ငန်း ဖြစ်ပြီး

ကျပန်းလုပ်ကိုင်ကြသူများလဲ ရှိပါသည်။ လုပ်သားအင်အားများပြားခြင်းကြောင့် ရာသီအလိုက် အလုပ်ကိုင်ရှားပါးခြင်းများ ကြုံတွေ့ရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၅၀၀၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် | နေ့စား | ၀ | ၀ | ၀ | ၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | လုပ်ငန်း | | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်  (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၏အမြတ်အစွန်းရရှိမှုနည်းပါးခြင်းကြောင့် လုပ်အားခပေးနိုင်မှု နှုန်းထားမှာလည်း နည်းပါးပါသည်။နွားမွေးမြူသူများသဖြင့် နွားကျောင်းငှားရပြီး တစ်ကောင်အား ကျောင်းခ တစ်လလျှင် (၃၀၀၀) ကျပ် ရရှိသဖြင့် တစ်လလျှင် နွားကောင်ရေ (၅၀) ကျောင်းရပါက (၁၅၀၀၀၀) ကျပ်ခန့်ဝင်ငွေရရှိပါသည်။ လက်သမား၊ပန်းရံလုပ်ငန်းကို ယခင်က ဆည်မြောင်းများ ပြုပြင်ရာတွင် ကျား၊မ ခေါ်သဖြင့် အမျိုးသမီးများပါ လုပ်ကိုင်ကြသော်လည်း ယခုအခါ အမျိုးသားများသာ လုပ်ကိုင်နိုင်ကြကြောင်း တွေ့ရသည်။လုပ်အားစိုက်ထုတ်မှုအပေါ်တွင် မူတည်၍ လုပ်အားခ ရရှိမှု ကွာဟခြင်းဖြစ်သည်။ ရာသီမရွေးလုပ်ကိုင်နိုင်သော အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အတွက် ပုံမှန်ဝင်ငွေ နည်းပါးပြီး ဆင်းရဲသူဦးရေများပြားရခြင်းဖြစ်ပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၉၇၆.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၅၁၈.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ०.००  | ကောင်း ☐ သင့် ☐ ညံ့ ☐ |

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး**<br>**(မှန်ရာတစ်ခုကိုသာ ရွေးရန်)** |
|---|---|---|
| ကိုင်း / ကျွန်းမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ခနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၂၅.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၁၅၁၉ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင် မှု ကောင်းမွန်သော်လည်း မြေဆီလွှာပျက်စီးခြင်း၊ နည်းပညာဗဟုသုတ နည်းပါးခြင်းကြောင့် သီးနှံဖြစ်ထွန်းမှု နည်းပါးပြီး စီးပွားရေးအဆင်မပြေမှုများရှိပါ သည်။ အထူးသဖြင့် ယာမြေများမှာ အထွက်နှုန်း အလွန်နည်းပါးပါသည်။ စိုက်ပျိုးမရသော မြေနီအမျိုးအစား (ကျောက်စရစ်)များဖြင့် (၂၅) ဧက ခန့်သည် မြေလွတ် မြေလပ်အဖြစ် ရှိကြောင်း တွေ့ရသည်။

**(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)** | **အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)** |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ□□□□ သင့် □□ နည်း□□ မရှိ□□ | လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ□□□□ သင့် □□□ နည်း□□ မရှိ□□ | လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ□□□□ သင့်□□□□ နည်း□□ မရှိ□□ | လွယ်□□□□□□□□ခက် □ အသုံးမပြုနိုင်ပါ □ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ□□□□ သင့် □□ နည်း□□ မရှိ□□ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ ထွက်ရှိမှု မရှိသောကြောင့် ဒေသဖွံ့ဖြိုးမှု နည်းပါးပါသည်။ တောင်ထန်း၊ရှဥ့်ပတက်၊မာလဥ၊ တောက်တာဥ၊ဆေးပုလဲ၊ ဘုမ္မရာဇာ၊ ဇာမဏီ၊ တို့ထွက်ရှိပြီး ဆေးအနေဖြင့် သောက်သုံးခြင်း အနည်းငယ်ရှိသည်။ တောင်ထန်း၊ ရှဥ့်ပတက်၊ မာလာဥ၊တောက်တာဥ၊ဆေးပုလဲတို့ကိုရောင်းချမှုရှိကြောင်းတွေ့ရသည်။တောကြောင်၊မြွေ၊ယုန်၊ခွေးအ၊ငှက်မျို းစုံ တို့ကို တွေ့နိုင်သည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၃ | ၈၅ | ၁၁၅ | ၇ |

**ရင်းမြစ်** … (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ အဆင်ပြေ သော အိမ်ထောင်စုများမှာ လယ်ယာမြေ အများစု လုပ်ကိုင်ကြပြီး ဈေးဆိုင်ရောင်းချခြင်း၊လိုင်းကားပြေးဆွဲခြင်း၊ မွေးမြူရေး ကောင်ရေများများ မွေးမြူကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ လယ်ကေ အသင့်အတင့် ပိုင်ဆိုင်ကြပြီး မွေးမြူရေးကို တစ်နိုင် တစ်ပိုင် လုပ်ကိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စုမှာ လယ်ကေ အနည်းငယ်ခန့်ရှိပြီး ကျပန်း လုပ်ငန်း၊ ရွှေ့ပြောင်း လုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြသည်။ အလွန်မပြေသော အိမ်ထောင်စုမှာ ကျပန်းလုပ်ငန်းကို သာအဓိကလုပ်ကိုင်ကြသည်။လယ်ယာမြေအမျိုးအစားညံ့ဖျင်းသောကြောင့်လည်းကောင်း၊ လက်လုပ် လက်စားများပြား သောကြောင့် လည်းကောင်း မပြေလည်သော အိမ်ထောင်စုများ များပြားခြင်းဖြစ်ပါသည်။

(င)   ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေ အတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၃၅ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၃၅<br>လုပ်အားခကြိုယူ = ၃၅ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် အလုပ်ကိုင်အခွင့်လမ်းများ နည်းပါးပြီး လယ်ယာမဲ့ လုပ်သားများပြားသောကြောင့် ဝမ်းစာဖူလုံမှု နည်းပါးပါသည်။

**(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၁ | ၁ | ၁ |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၆ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၅ | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ အမျိုးသမီး ဦးဆောင်သူ အိမ်ထောင်စုများမှာ ကျပန်းလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြပြီး အချို့မှာ သားသမီးများ ဝင်ငွေဖြင့် စားသောက်နေကြသည်။ မုဆိုးဖို၊တစ်ခုလပ် ဦးဆောင် သော အိမ်ထောင်စုများမှာ သားသမီးများ၏ ဝင်ငွေကို မှီခို၍ စားသောက်နေကြရသည်။ အခြားဒေသို့ သွားရောက်လုပ်ကိုင်သူများမှာ ရန်ကုန်၊ ဆင်မြီးဆွဲ၊ ရှမ်းပြည် သို့သွားရောက်လုပ်ကိုင်ကြပြီး ပန်းရံ၊လက် သမား ၊ကျပန်း တို့ကို သွားရောက်လုပ်ကိုင်ကြသည်။ (၁)နှစ်လျှင် (၁) ကြိမ်ခန့် ပြန်လာပြီး ကျေးရွာပွဲတော် များတွင် ဆင်နွှဲလေ့ရှိပါသည်။ ကျေးရွာတွင် ကူညီစောင့်ရှောက်ရန်လိုအပ်သော အုပ်စုများ မရှိပါ။

လှုံ့နေရခြင်းတို့ကြောင့် ဖြစ်သည်။တီဘီရောဂါဖြစ်ပွားသူများရှိပြီး ရောဂါပိုးရှိမှန်းသိသော်ငြားလည်း လူထုထဲတွင် မဆင်မခြင် သွားလာမှုများကြောင့် ရောဂါကူးစက်မှုနှုန်း မြင့်မားလာကြောင်း လေ့လာ တွေ့ရှိရသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း ဆင်းရဲသောအိမ်ထောင်စုများအား တန်းတူဆက်ဆံကြပြီး ကျန်းမာရေးစောင့်ရှောက်ရန်လိုအပ်ပါက ကျေးရွာမှ ငွေကြေးစုဆောင်းပြီး ကုသမှုများ ဆောင်ရွက် ပေးပါသည်။လူငယ်များမှာ ရွှေ့ပြောင်းလုပ်ကိုင်ကြခြင်းကြောင့် ကူးစက်ရောဂါများ ရနိုင်ခြေများခြင်း၊ မူးယစ်သောက်စားမှုများ ရှိခြင်းကြောင့် ထိခိုက်အန္တရာယ် ဖြစ်နိုင်ခြေများပြားပါသည်။ မြေယာမဲ့တောင် သူများ၊ လက်လုပ်လက်စားကျပန်းလုပ်ကိုင်သူများသည် စားနပ်ရိက္ခာဖူလုံမှု နည်းပါးကြပြီး ရာသီဥတု ဖောက်ပြန်ပါက သီးနှံအထွက်နှုန်းနည်းသဖြင့် အလုပ်အကိုင်ရှားပါးချိန်တွင် များစွာအခက်အခဲရှိပါသည်။

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား<br>(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန်<br>(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု<br>(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၆ | ေဂါပက | ၁ □<br>၂ □□□□□၃ □ | ၉ | ၀ | ၉ | ပညာရေး□□□ငွေကြေး□□<br>ကျန်းမာရေး□□□ဘာသာရေး□□□<br>စိုက်ပျိုးမွေးမြူရေး□□<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□□<br>လုံခြုံရေးနှင့် ကာကွယ်ရေး□□ | ကောင်း□□<br>သင့်□□<br>ညံ့□□ |
| ၇ | | ၁ □<br>၂ □<br>၃ □ | | | | ပညာရေး□□□ငွေကြေး□□<br>ကျန်းမာရေး□□□ဘာသာရေး□□□<br>စိုက်ပျိုးမွေးမြူရေး□□<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□□<br>လုံခြုံရေးနှင့် ကာကွယ်ရေး□□ | ကောင်း□□<br>သင့်□□<br>ညံ့□□ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လူထုအခြေပြု အဖွဲ့စည်းများ အားကောင်းသောကြောင့် သာရေး၊နာရေး၊ ပညာရေး၊ ကျန်းမာရေး နှင့် ဘာသာရေးလုပ်ငန်းများတွင် ချောမွေ့လွယ်ကူစွာ ဆောင်ရွက်နိုင်ပါသည်။ ယင်းအဖွဲ့များ ခွဲခြား ဖွဲ့စည်းထားသော်လည်း ရွာသူ/သား အချင်းချင်း ပူးပေါင်းလုပ်ဆောင်လေ့ရှိပြီး တက်ညီ လက်ညီ

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

**(၅)** **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)**

**(၆)** **ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)**

**(၇)** **ပုဂ္ဂလိကအဖွဲ့အစည်းများ**

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မာရီစတုပ် အဖွဲ့မှ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု ပေးပါသည်။ သားဆက်ခြားခြင်းဆိုင်ရာ၊မျိုးဆက်ပွားခြင်း ဆိုင်ရာ ကျန်းမာရေး အသိပညာပေးခြင်း၊ ဝန်ဆောင်မှု ပေးခြင်း တို့ကို လုပ်ဆောင်ပေးပါသည်။ရေတံခွန် အဖွဲ့အစည်းမှာ (၂၀၁၆ )ခုနစ်ကပင် ရောက်ရှိပြီး တောင်သူပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊တောင်သူ အစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ စိုက်ကွက်များသို့ ကွင်းဆင်း၍ ဝန်ဆောင်မှုပေးခြင်းတို့ကို အဓိကလုပ်ဆောင်ပေးသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၁၂ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၅၉ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၄၃ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၂၂၀ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု အနေဖြင့် တောင်သူလတ်၊တောင်သူကြီး များရှိသဖြင့် သီးနှံစိုက်ပျိုး၊ရိတ်သိမ်းခြင်းတို့တွင် အလုပ်အကိုင် အသင့်အတင့်ရရှိသော်လည်း မြေအမျိုးအစား ညံ့သောကြောင့် သီးနှံအထွက်နှုန်းနည်းပါးပြီး စီးပွားရေး အဆင်မပြေမှု များရှိပါသည်။ မြေယာမဲ့များမှာ ရာသီပေါ် ကျပန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်<br>(မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ)<br>(မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | ၅၀၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☐ |
| ၂ | ရေလွှဲဆည် | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☐ |
| ၃ | မြစ်ရေတင်<br>စီမံကိန်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☐ |
| ၄ | ရေသွင်းမြောင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☐ |
| ၅ | အဝီစိတွင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☐ |
| ၆ | လက်ငင်<br>ရေတွင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ | ရှိ ☐<br>မရှိ ☐ |

| စဉ် | အရင်းအမြစ် | ရေသောက် (ကေ) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်** (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်) |
| | | | မဖြေဆိုပါ ☐ | မဖြေဆိုပါ☐ |
| ၇ | စိမ့်စမ်းရေ | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☐ |
| ၈ | ချောင်းရေ | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☐ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာမှာ စိုက်ပျိုးမြေကေ၏ ကေတစ်ဝက်ခန့်သာ ဆည်ရေရရှိပါသည်။ ဆည်မြောင်းမှ ရေရရှိရာတွင် ရေမြောင်းယာလက်တံများမှာ အောက်ဆုံးတွင် ရှိနေသဖြင့် အခြားကျေးရွာ များမှ ပိတ်ဆို့မှုများ ကြုံတွေ့ရပြီး ကေ(၁၆၀) ကို နွေစပါး စိုက်ပျိုးနိုင်သည်။ မိုးစပါးအောင်ရေကို ဆည်မှ ကေ (၅၀၀) ခန့် ရရှိပါသည်။ ရေလိုအပ်ပါက ဆည်မြောင်း ဦးစီးဌာနနှင့် တိုင်ပင်ပြီး မြောက်နဝင်းဆည်ရေကို ကောင်းစွာရရှိနိုင်ကြပါသည်။ထိုအပြင် မိုးတွင်း ကာလများ တွင် ရေလိုအပ်ပါက ချောင်းရေအား ပိတ်၍ ကေ(၄၀၀) ခန့် စိုက်ပျိုးနိုင်သည်( ယခုမိုးများသဖြင့် မလိုအပ် ပါ)။

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| | | | | | | | | မြင့် □□□□လတ် □□□□နိမ့် □ | မြင့် □□□လတ် □□□□နိမ့် □□ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ အဓိက စိုက်ပျိုးသော သီးနှံမှာ စပါးနှင့် မြေပဲဖြစ်ပြီး ထုံးခါတ်များ၍ မြေဆီသြဇာ မကောင်းခြင်း၊ နည်းပညာဗဟုသုတ နည်းပါးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း တို့ကြောင့် အထွက်နှုန်း နည်းပါးပါသည်။သွင်းအားစုကုန်ကျစရိတ်များပြားသဖြင့် သီးနှံဈေးနှုန်း ကောင်းမွန်မှုမရှိပါက တောင်သူများ အရှုံးနှင့် ရင်ဆိုင်ရသည်။ ယခင်က နှမ်းကို စိုက်ပျိုးကြသော်လည်း ယခုအခါ မိုးများသဖြင့် အရှုံးပေါ်ခြင်းကြောင်း စိုက်ပျိုးမှုမရှိကြပါ။အိမ်ခြံအတွင်း ပဲတိုင်ထောင်၊မတ်ပဲ၊ပဲသီး အနည်းငယ်ကို စားသုံးရန် စိုက်ပျိုးကြသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၀ | ၀ | ၀ | ၈၇ |
| လက်တွန်းထွန်စက် | ၂၅ | ၀ | ၀ | ၀ |
| အစေ့ချ ကိရိယာ | ၀ | ၀ | ၀ | ၀ |
| ရိတ်သိမ်းခြွေလှေ့စက် | ၀ | ၀ | ၀ | ၁၀၅ |
| ရိတ်သိမ်းစက် | ၀ | ၀ | ၀ | ၀ |
| ခြွေလှေ့စက် | ၄ | ၀ | ၀ | ၀ |
| ရေစုပ်စက် | ၉ | ၀ | ၀ | ၀ |
| ခြေနင်းရေတင်စက် | ၀ | ၀ | ၀ | ၀ |
| မြက်ရိတ်စက် | ၅ | ၀ | ၀ | ၀ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ထွန်စက်ပိုင်ဆိုင်မှုမရှိပါ။စက်မှုလယ်ယာ ဦးစီးဌာနမှ ထွန်စက် (၁)၊ရိတ်ခြွေစက်(၁)လုံးအား တောင်သူများ ထွန်ယက်နိုင်ရန် ပေးထားပြီး ကျေးရွာလယ်ကွင်းများပြီးစီးပါက အခြားကျေးရွာများသို့ ပြောင်းရွှေ့ထွန်ယက်ရန် ပြန်ပို့ရသည်။ ကျေးရွာတွင်း လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ရေစုပ်စက်၊မြက်ရိတ်စက်များပိုင်ဆိုင်မှု ရှိကြသည်။ လယ်ယာထွန်ယက်ချိန်၊စိုက်ပျိုးချိန်တို့တွင် အချိန်တိုက်ဆိုင်နေသဖြင့် စက်ယန္တရား ရရှိရန် အချိန်စောင့်ဆိုင်းရသည်။

| အခွင့်အလမ်း | **ဖော်ပြချက်/ရှင်းလင်းချက်**<br><br>**(<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)** |
|---|---|
| | □□□□မဖြေဆိုပါ □ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဥတုများဖောက်ပြန်စေပါသည်။ကျေးရွာတွင်း လယ်ယာမြေများမှာ မြေအမျိုးအစားညံ့ဖျင်းမှုကြောင့် အထွက်နှုန်း အသင့်အတင့်မျှသာ ရရှိပါသည်။ဆည်ရေ၊ ချောင်းရေမိုးရေတို့ဖြင့် လုံလောက်စွာ စိုက်ပျိုးနိုင်ပါသည်။ စိုက်ဘဏ်၊သမဝါယမ ချေးငွေတို့မှ စိုက်ပျိုးရေးစရိတ်အတွက် ထုတ်ချေးရယူနိုင်ပါသည်။ ဓာတုပိုးသတ်ဆေး၊မြေသြဇာများကို ပြည်မြို့နယ်ရှိ အရောင်းဆိုင်ကြီးများတွင် ဝယ်ယူနိုင်သော်လည်း မြေဆီသြဇာမှာ အရည်အသွေး ကောင်းမွန်မှုနည်းပါးပါသည်(ယခင်နှစ်က သုံးစွဲရာတွင် ကောင်းမွန်မှုရှိသော်လည်း )။ရေတံခွန်အဖွဲ့(ပေါင်းတလည်မြို့တွင် ရုံးစိုက်) ၊ပုဂ္ဂလိက ဆေးကုမ္ပဏီ တို့မှ မျိုးသန့်နည်း၊ဆေးသုံးစွဲနည်း၊ ပိုးအမျိုးအစား၊ မြေချဉ်ငံ တိုင်းခြင်း တို့ကို လိုအပ်ပါက ကျေးရွာလယ်ကွက်အထိပင် ခေါ်ယူ၍ မေးမြန်းဆွေးနွေး နိုင်သည်။တီတွဒ်စိုက်ပျိုးရေး ဦးစီးဌာနမှ တစ်လလျှင် (၂) ကြိမ်ခန့် လာရောက်လေ့ရှိပြီး စိုက်နည်းပညာများ ပေးသော်လည်း တောင်သူများ သိပြီးသော အသိမျှသာ ဖြစ်သဖြင့် စိတ်ပါဝင်စားမှု အားနည်းပါသည်။

သို့ရာတွင် တောင်သူများအနေဖြင့် မြေဆီလွှာအား အန်ပီကေ ဓါတ်ခွဲစမ်းသပ်ပြီး မည့်သည့်ဓါတ်မှာ မည်မျှပမာဏ ပါဝင်ကြောင်း သိရှိလိုကြသည်။ယင်းသို့သိရှိမှသာ မြေဆီလွှာအတွက် လိုအပ်သော အာဟာရ မှန်ကန်စွာ ကျွေးနိုင်မည်ဖြစ်သည်။ ရေတံခွန်အဖွဲ့၏ အစီအစဉ်ဖြင့် စိတ်ပါဝင်စားသူ တောင်သူ (၅) ဦးတစ်ဖွဲ့ ဖွဲ့စည်း၍ စိုက်ပျိုးရေးဆိုင်ရာ အတွေ့အကြုံများကို ဝေမျှကြခြင်း၊ စံပြစိုက်ကွက်များသို့ လေ့လာခြင်းတို့ကို လုပ်ဆောင်ကြသည်။ ကျေးရွာတွင် စက်ကိရိယာများ တိုးချဲ့အသုံးပြုလာခြင်း၊ ပြင်ပမှ လုပ်အားခမှာ ကျေးရွာအတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် ကျပန်းလုပ်ကိုင်ခြင်းထက် ကောင်းမွန်မှုကြောင့် ရွှေ့ပြောင်းလုပ်ကိုင်ကြသဖြင့် ကျေးရွာတွင်း လုပ်သား ရှားပါးလာကြောင်း တွေ့ရသည်။တီတွဒ်၊ပြည်တို့တွင် စပါး၊ဆန်၊ မြေပဲတို့ကို တက်ရောက်ပြီး ရောင်းချကြသည်။ဈေးနှုန်းအတက်၊အကျကို မြို့ပေါ်ရှိ ပွဲရုံ၊ဆန်စက်၊ ပွဲများများမှ အချိန်နှင့် တပြေးညီ သိရှိနိုင်သည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| | |
|---|---|
| ပြဿနာနှင့် အခက်အခဲများ | **ဖော်ပြချက်/ရှင်းလင်းချက်**<br><br>**(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)** |
| | □□□□မဖြေဆိုပါ □ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | ဆိုးရွားစွာကျ □□□□အသင့်အတင့်ကျ<br>□□□□အနည်းငယ် □□□□မဖြေဆိုပါ □ |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံကောင်းများ ရှိခြင်းကြောင့် ပြသနာ များစွာမရှိပါ။ သီးနှံထုတ်လုပ်မှုပိုင်းတွင် သစ်တောများပြုန်းတီးခြင်းကြောင့် ရာသီဥတုဖောက် ပြန်ခြင်း၊ အရည်အသွေးပြည့်မီသော သဘာဝမြေသြဇာနှင့် သွင်းအားစုများ အလွယ်တကူ မရရှိခြင်း၊ လုပ်သားအင်အား အလွယ်တကူ မရနိုင်ခြင်း ၊မြေအမျိုးကို အသေအချာ ခါတ်ခွဲရန် လိုအပ်သော်လည်း (၁)ကေလျှင် (၂၅ဝဝဝ) ကျပ် ကုန်ကျမည်ဖြစ်သဖြင့် တောင်သူများမှ ငွေကြေးမတတ်နိုင်ခြင်းတို့မှာ အခက်အခဲများ ဖြစ် ကြသည်။

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၃၇ | ၆၅၁ |
| နို့စားနွား | ဝ | ဝ |
| ကျွဲ | ဝ | ဝ |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မြင်း | ၀ | ၀ |
| မြည်း | ၀ | ၀ |
| လား | ၀ | ၀ |
| ဆိတ် | ၀ | ၀ |
| သိုး | ၂ | ၃၅ |
| ဝက် | ၀ | ၀ |
| ကြက် | ၅၄ | ၂၁၃ |
| ဘဲ | ၁၆၂ | ၁၆၁၄ |
| နွားနောက် | ၂ | ၂၂ |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | ၂ | ၁၂၀၀ |
| ပုဇွန်ကန် | ၀ | ၀ |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | ၀ | ၀ |
| ရေချို ငါးဖမ်းလုပ်ငန်း | ၀ | ၀ |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | ၀ | ၀ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ မအူတောကျေးရွာတွင် အများစုမှာတနိုင်တပိုင် မွေးမြူကြပြီး အချို့မှာ နွား၊ဝက်တို့ကို စီးပွားဖြစ်မွေးမြူမှု ရှိပါသည်။ယခင်က နွားမွေးမြူရာတွင် ဒေသမျိုးကိုသာ သုံးစွဲမှုများပြီး ယခုအခါ ရွှေနီမျိုး မွေးမြူမှု များလာပါသည်။ တစ်ဦးလျှင် ၂ ကောင်-၁၀၀ကောင် အထိမွေးမြူကြကြောင်း တွေ့ရှိရသည်။ဝက်ကိုမူ (စီပီ၊ဂျူး၊ရှရှား၊ဗီယက်နမ်) အစရှိသည့် စပ်မျိုးများသာ မွေးမြူကြသည်။ ဈေးကွက် တွင် ဈေးကောင်းရရှိခြင်းကြောင့် ဒေသမျိုးများ မွေးမြူမှု မရှိသလောက်ပင် နည်းပါးကြောင်း တွေ့ရသည်။

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက် (<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)** |
|---|---|
| ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား | အလွန်ကောင်း □□□□ကောင်း □□□□သင့်တင့်မျှတ □□□□မဖြေဆိုပါ □ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် □□□□ဝယ်ယူရနိုင်သည် □□□□မဖြေဆိုပါ □ |
| ချေးငွေ | လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် □□□□ချေးငွေရနိုင်သည် □□□□မဖြေဆိုပါ □ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် □□□□သွင်းအားစုများ ဝယ်ယူနိုင်သည် □□□□မဖြေဆိုပါ □ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ □□□□နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ □□□□မဖြေဆိုပါ □ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် □□□□ထုတ်ကုန်များကို ရောင်းချနိုင်သည် □□□□မဖြေဆိုပါ □ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | လွယ်ကူသည် □□□□အသင့်အတင့် လွယ်ကူသည် □□□□မဖြေဆိုပါ □ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ငါးကြင်းကို စမ်းသပ်မွေးမြူသူ အိမ်ထောင်စု (၂) စုရှိပြီး ဧက (၀.၂၅) ခန့်သာ မွေးမြူကြသည်။ နည်းပညာနှင့် ငွေကြေး အထောက်အကူ လိုအပ်လျက်ရှိကြောင်း တွေ့ရသည်။ ကျေးရွာသည် တုံးရေကြီးဝိုင်းတော အနီးတွင် ရှိသဖြင့် စားကျက်မြေပေါ်များပါသည်။ သောက်သုံးရေမှာ ဆည်ရေ၊ရေတွင်းရေတို့မှ အလုံအလောက်ရရှိကြောင်း တွေ့ရသည်။ မျိုးတိရစ္ဆာန်မှာလည်း မျိုးကောင်း မျိုးသန့်များကို လက်လှမ်းမီမှု ရှိပါသည်။ အသေးစားချေးငွေများ ရရှိရန် ကမ်းလှမ်းကြသော်လည်း ပြန်လည် ပေးဆပ်မှု ပုံစံမှာ အဆင်မပြေသဖြင့် မယူကြပါ။ မွေးမြူရေးဦးစီးဌာနမှ ငွေကျပ် သိန်း(၃၀၀) ထုတ်ချေးရန် နှင့်

ဆိတ်မွေးမြူရန် ဆွေးနွေးခဲ့သဖြင့် နွားများကိုသာ မွေးမြူလိုသော ကျေးရွာလူထုနှင့် ကိုက်ညီမှုမရှိသဖြင့် မယူခဲ့ပါ။ နွားစာအတွက် မြက်၊ကောက်ရိုး ပေါများပြီး ဝက်စာအတွက် ဖွဲနု၊စားကွက်တို့ကို ကျေးရွာအတွင်း ပင် ရရှိပါသည်။ လိုအပ်သော စီပီစာ (အစာစပ်)ကို ပြည်ဈေးတွင် လွယ်ကူစွာ ဝယ်ယူနိုင် ပါသည်။ ကာကွယ် ဆေးထိုးနှံခြင်းကို ဆေးကုမွဏီများ၊ မွေးမြူရေး သင်တန်းဆင်း ကျေးရွာ လုပ်သားများ ဖြင့်ပင် ထိုးနှံကြ သည်။ ပုံမှန်ထိုးနှံမှု အားနည်းနေသေးကြောင်း တွေ့ရှိရသည်။ မွေးမြူရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် နိုင်သော်လည်း ကုန်ကျစရိတ်များခြင်းကြောင့် ချိတ်ဆက်မှု နည်းပါးကြပါသည်။ မွေးမြူရေး ပညာပေး အနေ ဖြင့် ရရှိမှုမရှိကြပါ။ အချင်းချင်း အတွေ့အကြုံ ဝေမျှခြင်းဖြင့် မွေးမြူကြပါသည်။ နွားဈေးကွက်၊ ဝက် ဈေးကွက် တို့မှာ ကျေးရွာအတွင်းပင် ရောင်းချနိုင်ပြီး ယခုနှစ်တွင် နွားများကို တရုတ်နိုင်ငံမှ ဝယ်ယူသဖြင့် ဈေးကောင်းများစွာ ပေးဝယ်ကြသည်။ ဝက်မှာ ဝက်တုပ်ကွေး၊နားရွက်ပြာ ရောဂါများ ကျရောက်မှုကြောင့် ဈေးလျှော့ဝယ်ကြကြောင်း တွေ့ရှိရသည်။ အိမ်ခြံဝင်းအတွင်းမြေနေရာ လုံလောက်မှုရှိပါသည်။

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ □□□□လုံးဝ ဝယ်ယူမရပါ □□□□မဖြေဆိုပါ □ |
| ချေးငွေ | လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ □□□□လုံးဝ ချေးငွေမရပါ □□□□မဖြေဆိုပါ □ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ □□□□သွင်းအားစုများ ဝယ်ယူမရပါ □□□□မဖြေဆိုပါ □ |
| နည်းပညာ အကူ အညီနှင့် နည်းလမ်းများ | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူ မရပါ □□□□နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ □□□□မဖြေဆိုပါ □ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ □□□□ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ □□□□မဖြေဆိုပါ □ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | မလွယ်ကူပါ □□□□မဖြေဆိုပါ □ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ မွေးမြူရေးကို တိုးချဲ့လုပ်ကိုင်ရန် အဓိက အခက်အခဲမှာ မွေးမြူရေးလုပ်ကိုင်ရန် သင့်လျော်သော ချေးငွေရရှိမှု မရှိခြင်း၊ နည်းပညာ ရရှိမှု အားနည်းခြင်းတို့ဖြစ်သည်။ ငါး/ပုဇွန် မွေးမြူရန် ရေမြေအနေအထား အသင့်အတင့် ရှိသော်လည်း စမ်းသပ်မွေးမြူဆဲဖြစ်ပြီး မွေးမြူသူ နည်းပါးပါသည်။

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက် (<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)** |
|---|---|
| ပညာတစ်ခုခုကို တတ်မြောက်ခြင်း | |
| အလုပ်အကိုင် အခွင့်အလမ်း | များ □□□□အသင့်အတင့် □□□□မဖြေဆိုပါ □ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ယခင်က သစ်တောထွက်ပစ္စည်းများ ရောင်းချခြင်း (တောင်ထန်း၊ ရှဥ့်ပတက်၊မာလဥ၊တောက်တာဥ၊ဆေးပုလဲ ) စသည့် သစ်တောထွက်ပစ္စည်းများ ရောင်းချခြင်း၊ ထင်းခုတ်၊ ဝါးခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသည်။ယခုအခါ သစ်တော ပြုန်းတီး ခြင်း၊ လယ်ယာသုံး စက်ယန္တရား အသုံးပြုမှုများခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့် အလမ်း နည်းပါးလာ ရခြင်းဖြစ်သည်။ လမ်းပမ်းဆက်သွယ်ရေးအခြေအနေမှာ ပြည်၊ပေါင်းတလည်မြို့တို့အား လွယ်ကူစွာ သွားလာ နိုင်သည်။ သစ်တောထွက်ကုန်ကြမ်း အနည်းငယ်ရှိသော်လည်း စီးပွားဖြစ်လုပ်ကိုင်နိုင် သည်အထိ မရှိပါ။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိခြင်းမရှိပါ။ သမဝယမ ချေးငွေ တစ်မျိုးသာ ရရှိနိုင်ပြီး အခြား ပုဂ္ဂလိက ချေးငွေများမှာ ပြန်လည်ပေးဆပ်ရန် စည်းမျဉ်းစည်းကမ်းမှာ ကျေးရွာနှင့် ကိုက်ညီမှု မရှိသဖြင့် မယူကြပါ။ အသက်မွေးဝမ်းကြောင်း ပညာတတ်မြောက်မှု နည်းပါးပြီး သင်ကြားပေး သော ပညာပေးအဖွဲ့အစည်း များ အား လိုအပ်လျက်ရှိသည်။ ကွန်ပြူတာတက္ကသိုလ်မှ သံချည်သံကွေး သင်တန်း၊ ဆောက်လုပ်ရေး၊ လက်သမား ပညာများကို နွေရာသီကျောင်းပိတ်ရက်များတွင် တစ်လလျှင်လစာ (၃၀၀၀၀) ကျပ်ထောက်ပံ့၍ ပညာသင်ကြား ပေးမှုများရှိပါသည်။အလုပ်အကိုင်အခွင့်အလမ်းအားနည်းနေသေးကြောင်း တွေ့ရှိရသည်။

**(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ**

**ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက် အခဲများ**

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|

| ပြဿနာနှင့် အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| | အခွင့်အလမ်း မရှိ □□□□မဖြေဆိုပါ □ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ လုပ်သားအင်အားမှာ အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိပညာ အားနည်းခြင်း၊ ကုန်ကြမ်းရရှိမှုနည်းခြင်း ၊သမချေးငွေမှအပ အခြား ချေးငွေမရရှိခြင်း၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဝန်ဆောင်မှုများရရှိရန် အခွင့်အလမ်းနည်းပါးခြင်း( ကွန်ပြူတာ တက္ကသိုလ်မှ သင်တန်းများပေးသော်လည်း အလယ်တန်း အောင်မြင်ပြီးသူ၊ ဝင်ခွင့်အောင်မြင်ရန် လိုအပ်ပြီး အကန့်အသတ်ရှိခြင်း)၊ လူငယ်များတွင် ချက်ခြင်း အကျိုးရရှိရန်ကိုသာ စိတ်ပါဝင်စားကြခြင်း၊ ပုဂ္ဂလိက အသေးစား ချေးငွေများကို လိုအပ်သော်လည်း ချေးငွေများမှာ ပြန်လည်ပေးဆပ်မှုအချိန်ကာလ တိုတောင်းခြင်း စသည့် အခက်အခဲများရှိနေပါသည်။

## (ဂ) ရွှေ့ပြောင်းလုပ်သားများ

### (ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

**ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | "ရွှေ့ပြောင်းသွားလာ နေထိုင်သူ" တစ်ဦးအနည်းဆုံး ရှိသော အိမ်ထောင်စု နှင့်လူဦးရေ | ၂၈ | ၂၀ | ၂၄ | ၄၄ | ၁ | ၀ | ၁ | ၂၁ | ၂၄ | ၄၅ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | ၃ | ၃ | ၆ | ၀ | ၀ | ၀ | ၃ | ၃ | ၆ |
| | ၆ လ အထိ | | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁ | ၂ | ၃ |
| | ၁၂ လ အထိ | | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၂ | ၂ | ၄ |
| | ၁၂ လ အထက် | | ၁၄ | ၁၇ | ၃၁ | ၁ | ၀ | ၁ | ၁၅ | ၁၇ | ၃၂ |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**မှတ်ချက်။** ။ ရွှေ့ပြောင်းသွားလာခြင်း၏ တရားဝင်မှု မဝင်မှု၊ ရွှေ့ပြောင်းသွားလာသူ၏ သဘောဆန္ဒ ပါမှု မပါမှု စသည်ဖြင့် မခွဲခြားဘဲ၊ ကြာမြင့်ချိန် အနည်းအများ မကန့်သတ်ဘဲ၊ မည်သည့် အကြောင်းအရင်းကြောင့် ရွှေ့ပြောင်းသွားလာရသည် ဖြစ်စေကာမူ မူလဌာနေဒေသတစ်ခုမှ နိုင်ငံခြားသို့ဖြစ်စေ၊ ပြည်တွင်း တစ်နယ် တစ်ကြေးသို့ဖြစ်စေ ရွှေ့ပြောင်းသွားလာနေထိုင်သူတိုင်းကို **"ရွှေ့ပြောင်းသွားလာနေထိုင်သူ"** ဟု သတ်မှတ်သည်။ နိုင်ငံတော်တာဝန်၊ အဖွဲ့အစည်းတာဝန်ဖြင့် ရွှေ့ပြောင်းအခြေချနေရသူများသည်လည်း ဤဇယားတွင် အကျုံးဝင်ပါသည်။ သားသမီး နှင့် ဆွေမျိုးများထံတွင် ခိုလှုံရန်၊ မှီခိုရန် သွားရောက်အခြေချနေသော၊ ကျန်းမာရေးအရ အမြဲတမ်း ရွှေ့ပြောင်းနေထိုင်သော ပုဂ္ဂိုလ်များသည် ဤဇယားတွင် အကျုံးဝင်ပါသည်။ ခေတ္တ ပညာသွားရောက်သင်ကြားနေသူများ၊ ခေတ္တ ကျန်းမာရေးကုသမှု ခံယူနေသူများသည် ဤဇယားတွင် အကျုံးမဝင်ပါ။ ယခင်က ရွှေ့ပြောင်းသွားလာနေထိုင်ခဲ့စေကာမူ ယခုလက်ရှိကာလတွင် မူလဌာနေတွင် ပြန်လည် အခြေချနေထိုင်လျှက်ရှိသူများသည် ဤဇယားတွင် အကျုံးမဝင်ပါ။ ယခုလတ်တလောတွင် ခရီး ယာယီ သွားနေသူများသည်လည်း ဤဇယားတွင် အကျုံးမဝင်ပါ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ရွှေ့ပြောင်းလုပ်သားများမှာ ပြည်တွင်းတွင်သာများပါသည်။ အများစုမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် သွားရောက်လုပ်ကိုင်ကြပါသည်။ လက်သမား၊ ပန်းရံ၊ အထည်ချုပ်ခြင်း၊ ဂေါက်ကွင်းပြင်ဆင်ခြင်း တို့တွင် သွားရောက်လုပ်ကိုင်ကြသည်။ ပြည်ပရွှေ့ပြောင်း လုပ်သား မှာ (၁)ဦးသာရှိပါသည် (ထိုင်း၊မလေး သို့သွားရောက်လုပ်ကိုင်ခြင်း)။ မိသားစုစားဝတ်နေရေး အတွက် အဆင်ပြေမှု ရှိပြီး ကျေးရွာ၏ ဘာသာရေးအတွက် အလှူငွေထည့်ဝင်မှုများရှိသည်။ ကျေးရွာအတွက် သာရေး၊ နာ ရေး၊ လူမှုရေး၊ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အနည်းငယ်လုပ်အားပါဝင်မှု နည်းပါးလာပါသည်။

**(၈-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း**

**ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း**

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၄၅ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | ၀ |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | ၀ |

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | ၁ |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | |

**ရင်းမြစ်** … **အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ရွှေ့ပြောင်းသွားလာသူများမှာ အလုပ်ကိုင်များ ပုံမှန်ရရှိခြင်း၊ လုပ်အား ခ ပိုမိုရရှိခြင်းကြောင့် သွားရောက်လုပ်ကိုင်ကြခြင်း ဖြစ်ပါသည်။

## (ဂ- ၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

**ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ**

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၂၈ | ၄ | ၁၈ | ၆ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ၁ | | | |
| | ခ။ ဘဏ် | ၂၈ | | | |
| | ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | ၁ | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ ရှိ ရွှေ့ပြောင်းသွားလာသူများ၏ ပြန်ပို့ငွေကို အလယ်အလတ် မှီခိုနေရ ပါသည်။ ပြန်ပို့ငွေကို ဘဏ်ဖြင့် လည်းကောင်း၊ လူကြုံဖြင့် လည်းကောင်း၊wave money ဖြင့်သော် လည် ကောင်း ပြန်ပို့ပေးကြပါသည်။ရွှေ့ပြောင်းလုပ်ကိုင်သူများအပေါ်တွင် မှီခိုနေရမှုမှာ အိမ်ထောင်စု (၂၈)စုတွင် ပြန်ပို့ငွေကို မှီခို၍ စားသောက်ရသူ အိမ်ထောင်စု(၄)စု၊အသင့်အတင့်မှီခိုအားထားနေရသည့် အိမ် ထောင်စု(၁၈)စုခန့်ရှိ သဖြင့် ရွှေ့ပြောင်းသွားလာ၍ ဝင်ငွေရှာခြင်းသည် ကျေးရွာ၏ စီးပွားရေးဆိုင်ရာ အဓိက အခန်းကဏ္ဍတွင် ပါဝင် လာပါ သည်။

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| | ည်ချေးငွေ □ | □□□□၆လမှ တစ်နှစ်ထိ □□□□တစ်နှစ် နှင့် အထက် □ | ၅% □□□□၅ မှ ၁၀ % □□□□၁၀% ထက် □ | | ပါ □ |

**ရင်းမြစ်  (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။**

**မှတ်ချက်။ ။မြန်မာ့စီးပွားရေးဘဏ်၏ သတ်မှတ်ချက်အရ ကာလတိုချေးငွေ ဆိုသည်မှာ <u>အနည်းဆုံး တစ်ရက်မှ အများဆုံး တစ်နှစ်အထိ</u>၊ ကာလလတ်ချေးငွေ ဆိုသည်မှာ <u>၃ နှစ်မှ ၅ နှစ်အထိ</u>၊ ကာလရှည် ချေးငွေဆိုသည်မှာ <u>၅ နှစ်မှ ၁၀ နှစ် အထိ</u>ဟု သတ်မှတ်ထားပါသည်။ အကယ်၍ ၁၀ နှစ် ကာလအထက် ရှည်ကြာစွာချေးပေးသော ချေးငွေများရှိခဲ့သော ကာလရှည်ချေးငွေတွင်သာ ထည့်သွင်းပေးရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ငွေကြေးလက်လှမ်းမီ မှုမှာ မြန်မာလယ်ယာ ဖွံ့ဖြိုးရေး ဘဏ်နှင့် သမဝါယမချေးငွေ အသင်းတို့သာရှိပါသည်။မ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ချေးငွေမှာ ယခင် (၃) ဦး ဖွဲ့ဝိုင်းကြီးချုပ်စနစ်မှ ယခုအခါ ကိုယ့်တာဝန်ကိုယ်ယူသည့် စနစ်သို့ ပြောင်းလဲထုတ်ချေးပေးခြင်း၊ ဇွန်လ မှ စတင်ချေးပေး မတ်လတွင် ပြန်ဆပ်ရသဖြင့် (၁၀) လခန့် အသုံးပြုနိုင်ပါသည်။ အတိုးနှုန်းမှာ (၀.၆၇ % ) တိုး (နှစ်တိုး) ဖြစ်ပြီး သတ်မှတ်ကာလတွင် ပြန်လည်ပေးဆပ်နိုင်မှုမရှိပါက ဒဏ်ကြေးပေးဆောင်ရသည်။ တောင်သူများမှာ ဈေးကောင်းစောင့်ဆိုင်နိုင်မှုမရှိ ဘဲ စိုက်ဘဏ်မှ ချေးငွေပြန်လည်ပေးဆပ်ရန် အတိုးကြီးဖြင့် ပြင်ပမှ ယူကြရသည်။ ထို့ကြောင့် (၅)နှစ် ကြာ အရစ်ကျ ပြန်လည်ပေးဆပ်ရလျှင် တောင်သူများအတွက်ပိုမို အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ သမချေးငွေရရှိသော်လည်း ငွေချေးသည့် နေ့တွင်ပင် စုဆောင်းငွေပြန်လည် စုရခြင်း၊ ချေးငွေအား (၆)လဟုဆိုသော်လည်း နောက်ကျမှ ထုတ်ချေးရခြင်း၊အချိန်စော၍ ပြန်ဆပ်ရခြင်း တို့ကြောင့် ချေးငွေထုတ်ချေးသူ နည်းပါးလာပါသည်။ လက်လုပ်လက်စားသမားများအတွက် ချေးငွေလို အပ်ပါသည်။ ငွေချေးသူအချို့ရှိသော်လည်း ယုံကြည်မှုရှိမှသာ ငွေချေးနိုင်ပါသည်။ ကျေးရွာအတွင်း ငွေချေးလို ပါက အပေါင်ခံပစ္စည်းနှင့် (၅)ကျပ်တိုး(လတိုး)ပေးရပါသည်။ ပုဂ္ဂလိက အသေးစားချေးငွေ အဖွဲ့အစည်းများ မှ

ထုတ်ဈေးရန် ဆွေးနွေးမှုရှိသော်လည်း ယင်းတို့၏ ဈေးငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်း များမှာ (၁၄) ရက်တစ်ကြိမ်ပြန်လည်ပေးဆပ်ရန်ဖြစ်သဖြင့် ကျေးရွာတွင်းလုပ်ကိုင်လိုသော လုပ်ငန်းများနှင့် အဆင်ပြေမှု မရှိသဖြင့် ယင်းဈေးငွေများအား လက်ခံမှုမရှိသေးပါ(မွေးမြူရေး၊ ကုန်ရောင်းထွက်ခြင်း၊ ကုန်သည်)။

**(စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**

**(စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

**ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

| အခြေအနေ | အခက်အခဲ | အန္တရာယ်ရှိမှု<br>(အခက်အခဲ "ရှိ" ဟု ဖြေ ဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို။)) |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | ရှိ □□□□မရှိ □ | မြင့် □□□□လတ် □□□□နိမ့် □ |
| အပင်မျိုးစိတ်များ | ရှိ □□□□မရှိ □ | မြင့် □□□□လတ် □□နိမ့် □ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | ရှိ □ မရှိ □ | မြင့် □□□□လတ် □□□□နိမ့် □ |
| ရေအရင်းအမြစ် | ရှိ □□□□မရှိ □ | မြင့် □□□□လတ် □ နိမ့် □ |
| ငါးမျိုးကွဲများ | ရှိ □□□□မရှိ □ | မြင့် □□□□လတ် □□□□နိမ့် □ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | ရှိ □□□□မရှိ □ | မြင့် □□□□လတ် □□□□နိမ့် □ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | ရှိ □ မရှိ □ | မြင့် □□□□လတ် □□□□နိမ့် □ |

**ရင်းမြစ် ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေဆီသြဇာများမှာ သီးထပ်စိုက်ပျိုးခြင်း၊မြေသြဇာများကို စနစ်တကျ သုံးစွဲမှုမရှိခြင်းတို့ကြောင့် မြေဆီလွှာပျက်စီးမှု များပြားလာပြီး သီးနှံအထွက်နှုန်းများ လျော့ကျ လာပါသည်။ ယခင် တုံရေသစ်တောရှိသဖြင့် သစ်တောထွက် သစ်ဥ များ၊သစ်မြစ်များ ရောင်းချ ခြင်းရှိပြီး စည်းကမ်းမဲ့ထုတ်ယူသုံးစွဲမှုကြောင့် အပင်မျိုးစိတ်များ မရှိသလောက်ပင်ရှား ပါးသွားပြီ ဖြစ်သည်။ သစ်တော ထိန်းသိမ်းရေးအစီအစဉ်များ လုပ်ဆောင်မှုမရှိပါက သစ်တောပျောက် ကွယ်နိုင်ပါသည်။ ဖျက်ပိုးများမှာ ယခင်ကထက် ပိုမိုကျရောက်မှုရှိပြီး ထိန်းချုပ်နိုင်မှု နည်းပါးပါသည်။ သစ်တောများ နည်းပါးလာသဖြင့် ရေထွက်အားမှာ အနည်းငယ်နည်းပါးလာကြောင်း တွေ့ရသည်။သစ်တောအား အမှီသဟဲပြုနေထိုင်ကြသော

အခြားတိရစ္ဆာန်မျိုးကွဲများမှာလည်း ငှက်မျိုးစုံမှလွဲ၍ မျိုးတုန်း ပျောက်ကွယ် လုနီးပါး ရှိနေပြီဖြစ်သည်။ စွန့်ပစ်ပစ္စည်း များအား မီးရှို့ခြင်း နှင့် ယာထွက် သစ်ရွက် သစ်ကိုင်းများနှင့် နောက်ချေးများအား လယ်ယာတွင်း ပြန်လည်အသုံးပြုကြပါသည်။

**(ဆ) ပညာရေး**

**(ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု**

**ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း**

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၁၄ | ၂၂ | ၃၆ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၂၇၅ | ၂၈၉ | ၅၆၄ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၆၀ | ၃၇ | ၉၇ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၃၁ | ၂၇ | ၅၈ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၁၂ | ၁၅ | ၂၇ |

**ရင်းမြစ်  အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**မှတ်ချက်။ ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေး ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော အတန်းပညာ တက်ရောက်ပြီး/ တက်ရောက်ဆဲ သူများကိုသာ ဖြည့် သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာ တွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦး တစ်ယောက်၏ ဘ၀တွင် သင်ယူလေ့လာခဲ့သော နောက်ဆုံး ပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။**

**ဥပမာ - ယခု စာရင်းကောက်ယူချိန်တွင် အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြား နေသည်ပါက "အလယ်တန်းအဆင့်ရှိသူဦးရေ" တွင်လည်းကောင်း တတိယတန်း(Grade 3) တွင်ပညာသင်ကြားနေပါက (သို့မဟုတ်) ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ-ဘုန်းကြီး ကျောင်းထွက်) ရှိသည်ဆိုပါက "မူလတန်း အဆင့်ရှိသူဦးရေ" တွင်သာ ထည့်သွင်းရပါမည်။ "ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက-ကျောင်း)"ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲဖြစ်ပါက သက်ဆိုင်ရာ အတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ စတုတ္ထတန်း (Grade4) အောင်မြင်ပြီး အလယ်တန်းပညာ ဆက်လက်သင်ကြားခြင်းမရှိပါက "မူလတန်း အဆင့်ရှိသူဦးရေ" တွင်သာ ထည့်သွင်းရပါမည်။ အခြေခံပညာ မူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီး**

**ဖြစ်သော်လည်း စာလုံးဝ မတတ်ပါက “စာမတတ်သူဦးရေ” တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စာမတတ်သူဦးရေ အချို့ရှိပြီး သက်ကြီးရွယ်အိုများသာ ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ကျေးရွာတွင် မူလတန်းကျောင်းရှိသဖြင့် မူလတန်းပညာအား အားလုံးနီးပါး သင်ယူနိုင်ကြပါသည်။ တက္ကသိုလ်/ကောလိပ်ပြီး သူမှာ အိမ်ထောင်စု(၂၂၀)၊ လူဦးရေ(၈၄၆)ရှိသော ကျေးရွာတွင် ကျောင်းနေအရွယ်လူဦးရေ၏ (၃.၄၅%)သာရှိသဖြင့် ပညာတတ်ဦးရေ အလွန်ပင်နည်း ပါးသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ-၂) ကျောင်းတက်နှုန်း**

**ဇယား (၃၁) ကျောင်းတက်နှုန်း**

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၄၂ | ၄၀ | ၈၂ |
| အလယ်တန်း | ၁၆ | ၂၀ | ၃၆ |
| အထက်တန်း | ၇ | ၁၆ | ၂၃ |
| တက္ကသိုလ်/ကောလိပ် | ၆ | ၈ | ၁၄ |

**ရင်းမြစ်	(၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် “ဘုန်းကြီးကျောင်းသင်ပညာရေး” ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့်သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။မူလတန်းကျောင်းနေအရွယ်လူဦးရေထက် ကျောင်းသားဦးရေများပြားနေရခြင်းမှာ အသက်အရွယ်ကြီးမှ ကျောင်းထားသည့် ကျောင်းသားများရှိခြင်းကြောင့်ဖြစ်သည်။ ကျေးရွာ၏ ကျောင်းတက်နှုန်းမှာ ကျောင်းနေအရွယ် ကလေးအားလုံး မူလတန်းတွင်အတန်းပညာပြီးမြောက်သော်လည်း အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ပညာရေးတွင် တက်ရောက်သူဦးရေ နည်းပါးပါသည်။အကြောင်းမှာ ကျေးရွာတွင် အလယ်တန်း၊ အထက်တန်းကျောင်းများ မရှိခြင်း၊ တက်ရောက်ရန် ခရီးကွာဝေးခြင်းနှင့် ကုန်ကျစရိတ်အတွက် မတတ်နိုင် ခြင်းနှင့် စီးပွားရေးအခက်ခဲများကြောင့် ကျောင်းထွက်နှုန်းများနေခြင်း ဖြစ်ပါသည်။

**(ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| အခြေအနေ | □□□ညှံ့□□□□မရှိ□ | | | □□□ညှံ့□□□□မရှိ□ | | | □□□ညှံ့□□□□မရှိ□ | | |
| ၈။ ကျောင်းအာဟာရ တိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် □<br>တိုက်ကျွေးမှု မရှိပါ □ | | | တိုက်ကျွေးမှုရှိသည် □<br>တိုက်ကျွေးမှု မရှိပါ □ | | | တိုက်ကျွေးမှုရှိသည် □<br>တိုက်ကျွေးမှု မရှိပါ □ | | |
| ၉။ ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၀ | ၆ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ကျေးရွာခန့် | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်  (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။  ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။  ။ကျေးရွာတွင်မူလတန်းကျောင်းအား ၁၉၅၈ ခုနှစ်ကပင် စတင်ရရှိခဲ့သည်။ တက်ရောက်သူ ကျား(၃၆) ဦး၊မ(၄၁)ဦး စုစုပေါင်း (၇၇) ဦးတက်ရောက် ပညာသင်ယူလျက် ရှိသည်။ ကျေးရွာတွင်း မူလတန်းပညာရေးအား ကျောင်းသား/သူ အားလုံး သင်ယူနိုင် ကြသော်လည်း အလယ်တန်းအဆင့်တွင် ကျေးရွာမှ ၃မိုင်ခန့် ဝေးသော မိန်းမရဲကျေးရွာ၊ အလယ်တန်း ကျောင်း(ခွဲ)သို့ စက်ဘီးဖြင့် သွားရောက် ကျောင်းတက်ရပြီး အထက်တန်းဆင့်တွင် ကျေးရွာနှင့် ၅မိုင်ကျော် ကွာဝေးသော ဝက်ထီးကန်မြို့နယ်တွင် သွားရောက်သင်ယူရပါသည်။ ဝင်ငွေနည်းပါးသော မိသားစုများ အတွက်မှာ စက်ဘီး ဝယ်ပေးရန်၊ ထမင်းအချိန်မီထည့်ပေးနိုင်ရန်၊မုန့်ဖိုး အစရှိသည်တို့အတွက် ကျောင်းစရိတ် မတတ်နိုင် ခြင်းကြောင့် စတုတ္ထတန်းပြီးပါက ကျောင်းထုတ်လိုက်ကြသည်။ အထူးသဖြင့် ယောကျ်ား လေးများအား နွားကျောင်းခိုင်းကြသည်။ ဝက်ထီးကန်(သို့) ပြည်မြို့နယ်ရှိ ဘော်ဒါဆောင်များတွင် ထားပါက အနိမ့်ဆုံး (၄၀၀၀၀၀) မှ အမြင့်ဆုံး (၈၀၀၀၀၀) ကျပ်အထိ ကုန်ကျသဖြင့် မထားနိုင်သူ များပြားပါသည်။မိဘများမှာ ပညာရေးကို စိတ်ပါဝင်စားလိုလားကြပါသည်။ ကျေးရွာတွင်း မူလတန်း အတွက် ပညာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဖွင့်ထားသော ကျောင်းပြင်ပ အခြေခံပညာရေးအစီအစဉ်ရှိပြီးကျောင်းသား(၁၄)ဦးတက်ရောက်သင်ယူနေပါသည်။ တစ်ပတ်လျှင်(၆)ရက်သင်ယူရပြီး တစ်နေ့(၂)နာရီခန့်သင်ကြားပေးသဖြင့် ဝင်ငွေနည်းအိမ်ထောင်စုများမှ ကလေးငယ်များမှာ ကျွဲကျောင်းခြင်း၊ ပဲဆွတ်ခြင်း တို့ကိုလည်းလုပ်ကိုင်နိုင်ပြီး ပညာသင်ယူနိုင်ကြပါသည်။။ ကျေးရွာ ရပ်မိရပ်ဖများ၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့တို့ တိုင်ပင်ဆွေးနွေး၍ အလယ်တန်းခွဲ ချထားပေးရန် ပညာရေး

ဦးစီးဌာနသို့ (၂) နှစ်ဆက်တိုင် တင်ပြထားပြီး ဖြစ်သည်။ ထို့အပြင် ကျောင်းဆောင်မှာ တစ်ဆောင်သာ ရှိပြီး အခန်းများ ကပ်လျက်ရှိခြင်း၊ အသံများ ကြားနေရခြင်းတို့ကြောင့် သင်ကြားရေးတွင် အခက်အခဲရှိပါသည်။ ကျေးရွာ ရပ်မိရပ်ဖများမှ ကျောင်းဆောင် သစ်ဆောက်လုပ်ရန် အစီအစဉ်ရှိပြီး ပုဂ္ဂလိက အလှူရှင် ရှာဖွေကာ အလှူခံထားပြီးဖြစ်သည်။

**(ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ**

**ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ**

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် □□□□မလုံလောက် □ |
| တပည့် - ဆရာ အချိုး | ၄၀: ၁ အောက် □□□□၄၀: ၁ အထက် □ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ □□□□နည်း □□□□လတ် □□□□များ □ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ □□□□မရှိ □ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် □□□□မလုံလောက် □ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မြင့် □□□□အသင့်အတင့် □ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ □□□□နည်း □ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း □□□□သင့် □□□□ညံ့ □ |

**ရင်းမြစ် (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ၂၀၁၇ ဧပြီလချုပ် စာရင်းအရ ကျောင်းသား/သူ ဦးရေ ၇၇ယောက်ရှိပါသည်။အလယ်တန်းအဆင့်ကျောင်းထွက်နှုန်းများပြီးကျေးရွာတွင်အလယ်တန်းကျောင်း(ခွဲ)ရှိပါကကျောင်းထွက်နှုန်းနည်းပါးသွားမည်ဖြစ်ပါသည်။ကျောင်းဘောလုံးကွင်းရှိခြင်း၊ ဘောကန်ခြင်း၊ တခြား အားကစား အနေဖြင့် မရှိပါ။ မိဘ၊ဆရာအသင်းမှ ကလေးငယ်များ အတွက် အားကစားဆိုင်ရာ သင်ထောက်ကူ ပစ္စည်း ၊အားကစားပြိုင်ပွဲများ၊ ဆုပေးပွဲတို့ကို ဦးဆောင်၍ လုပ်ကိုင်ပါသည်။

**(ဇ) ကျန်းမာရေးနှင့် အာဟာရ**

**(ဇ-၁) အဖြစ်များသော ရောဂါများ**

**ဇယား (၃၄) အဖြစ်များသော ရောဂါများ**

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့် □ | နိမ့် □ | မရှိ □ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် □ | နိမ့် □ | မရှိ □ |
| ၃ | ငှက်ဖျား | မြင့် □ | နိမ့် □ | မရှိ □ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့် □ | နိမ့် □ | မရှိ □ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့် □ | နိမ့် □ | မရှိ □ |
| ၆ | တီဘီ | မြင့် □ | နိမ့် □ | မရှိ □ |
| ၇ | ဆီးချို | မြင့် □ | နိမ့် □ | မရှိ □ |
| ၈ | သွေးတိုး | မြင့် □ | နိမ့် □ | မရှိ □ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့် □ | နိမ့် □ | မရှိ □ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့် □ | နိမ့် □ | မရှိ □ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့် □ | နိမ့် □ | မရှိ □ |

**ရင်းမြစ် (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ လူကြီး၊လူငယ် အများစုသည် ကျန်းမာရေးကောင်းမွန်ကြပါသည်။ ရာသီတုပ်ကွေးရောဂါများနှင့် သွေးတိုးရောဂါတို့မှာ အများဆုံးဖြစ်ပွားပါသည်။ ထို့အပြင် တီဘီရောဂါကို လူကြီး၊ကလေးတို့တွင် တွေ့ရပြီး ကူးစက်ခြင်းခံရသူများ၏ ပေါ့ဆစွာ နေထိုင်ခြင်းကြောင့်ဖြစ်ကြောင်း လေ့လာ တွေ့ရှိရသည်။ ပိုးရှိမှန်းသိသော်လည်း လူအများနှင့် ရောထွေးစွာ နေထိုင်ခြင်းကြောင့် ဖြစ်ပွားမှုနှုန်း မြင့်တက်လာခြင်းဖြစ်သည်။ ကျန်းမာရေးအသိပညာများ လိုအပ်နေသေးကြောင်း တွေ့ရှိရသည်။ ၂၀၁၆ခုနှစ် တွင် ဘီဝမ်းချို့တဲ၍ သေဆုံးသူ ကလေးငယ်(၁)ဦး၊ဆီးလမ်းကြောင်း ပိုးဝင်၍ သေဆုံးသူ ကလေးငယ်(၁)ဦး၊ မွေးဖွားရာတွင် ပိုးဝင်၍ သေဆုံးသူ ကလေးငယ်(၁) ဦးရှိကြောင်း တွေ့ရသည်။ မိခင်များတွင် ကျန်းမာရေး အသိပညာများ နည်းပါးပြီး လိုက်နာမှုအားနည်းကြောင်းလည်း တွေ့ရှိရသည်။

**(၉-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ရှိ ☐ | မရှိ ☐ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ရှိ ☐ | မရှိ ☐ |
| ၃ | ပိုလီယိုရောဂါ | ရှိ ☐ | မရှိ ☐ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ရှိ ☐ | မရှိ ☐ |
| ၅ | ဝက်သက်ရောဂါ | ရှိ ☐ | မရှိ ☐ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ရှိ ☐ | မရှိ ☐ |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ရှိ ☐ | မရှိ ☐ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ရှိ ☐ | မရှိ ☐ |

**ရင်းမြစ်  (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။  ။ကျေးလက်ကျန်းမာရေးဌာနခွဲမှာ ကျေးရွာနှင့် (၃)မိုင်အကွာရှိ မိန်းမရဲကျေးရွာတွင် ရှိပြီး ယင်းကျေးလက်ဆေးပေးခန်းမှ ကျန်းမာရေးဝန်ထမ်းမှ ကာကွယ်ဆေးပုံမှန် လာရောက် ထိုးနှံပေးပါသည်။ ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ကြောင်း တွေ့ရပါသည်။ အာဟာရ မှတ်တမ်းယူမှုများ ပုံမှန်လုပ်ဆောင်ပေးသည်။အာဟာရနှင့် ပတ်သက်သော အသိပညာ သိရှိမှု၊ လိုက်နာဆောင်ရွက်မှုမှာ နည်းပါးနေသေးကြောင်း တွေ့ရှိရသည်။

**(ဇ-၃)  ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

**ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ**

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၃ မိုင် မှ ၅ မိုင် □<br>၅ မိုင် မှ ၁၀ မိုင် □<br>၁၀ မိုင်အထက် □ | ရှိ □<br>မရှိ □ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၃ မိုင် မှ ၅ မိုင် □<br>၅ မိုင် မှ ၁၀ မိုင် □<br>၁၀ မိုင်အထက် □ | ရှိ □<br>မရှိ □ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၃ မိုင် မှ ၅ မိုင် □<br>၅ မိုင် မှ ၁၀ မိုင် □<br>၁၀ မိုင်အထက် □ | ရှိ □<br>မရှိ □ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် □<br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ □ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် □<br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ် တကျ သိုလှောင်ထားခြင်း မရှိပါ □ |

**ရင်းမြစ်       (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂)**

**ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ အနေဖြင့် ကျေးရွာနှင့် (၃)မိုင်ခန့်ဝေးသော မိန်းမရဲကျေးရွာ၊ (၄)မိုင်ခန့်ကွာဝေးသော တီတွဒ်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးရွာတွင်းရှိပုဂ္ဂလိက ဆေးခန်းတို့တွင် သွားရောက်ကုသနိုင်ပါသည်။ သို့ရာတွင် ကျေးရွာ(၇) ရွာ၊အုပ်စု (၂) စုအတွက် ကျေးလက်ဆေးပေးခန်း(၁)ခုသာ ရှိခြင်းကြောင့် ဝန်ထမ်းအနေဖြင့် ပုံမှန်ဝန်ဆောင်မှုမပေးနိုင်ပါ။ အခန်း၊ကုတင်၊ဆေးဝါးလည်း လုံလောက်မှု မရှိပါ။ ထို့ကြောင့် အရေးပေါ်ကျန်းမာရေးအတွက် (၁၄)မိုင်ကွာဝေးသော ပြည်မြို့သို့သွားရောက်ကုသကြသည်။တီတွဒ်ကျေးရွာတွင် လူနာတင်ယာဉ် (၁)စီးရှိပြီး အချိန်မရွေး ခေါ်ယူ အသုံးပြုနိုင်သည် (ငွေကြေးမတတ်နိုင်သူများအတွက် အခကြေးငွေမယူပါ)။ ကျေးရွာသည် အိမ်ထောင်စု(၂၂၀)ရှိသော လူဦးရေများသည့် ကျေးရွာကြီးဖြစ်ခြင်း၊ အုပ်စုတွင် ကျေးလက်ဆေးပေးခန်း မရှိခြင်း တို့ကြောင့် ကျေးလက်ဆေးပေးခန်းဆောက်လုပ်နိုင်ပါက လုံခြုံစိတ်ချသော ကျန်းမာရေး ဝန်ဆောင်မှု ရရှိနိုင်ပါသည်။ ကျန်းမာရေးလုပ်သား/အရံသားဖွားဆရာမများလည်း ကျေးရွာတွင်း လိုအပ်လျက်ရှိသည်။

**(ဈ) ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(ဈ-၁) သောက်သုံးရေ ရရှိမှု**

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၀ | ရှိ ☐ ☐☐☐မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ စက်တပ် | ၂၁၅ | ရှိ ☐ ☐☐☐မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| | | | | |
| အဝီစိတွင်း/ တုံကင် | ၅ | ရှိ ☐ ☐ ☐ ☐မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မိုးရေ သိုလှောင်ကန် | ၀ | ရှိ ☐ ☐ ☐ ☐မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | ၀ | ရှိ ☐ ☐ ☐ ☐မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | ၀ | ရှိ ☐ ☐ ☐ ☐မရှိ ☐ | ကောင်း ☐<br>သင့် ☐ | နွေ ☐<br>မိုး ☐ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည် အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လိုလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| | | | ညံ့ ☐ | ဆောင်း ☐ |
| စိမ့်စမ်းရေ | ၁ | ရှိ ☐☐☐☐မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

**ရင်းမြစ်  (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

လေ့လာတွေ့ရှိချက်။  ။ကျေးရွာတွင် အဝီစိတုံကင်တွင်း (၅)တွင်း၊အဝီစိစက်တပ်တွင်း (၁၈၇)တွင်းရှိပြီး ရေအရည်အသွေးစနစ်တကျစမ်းသပ်စစ်ဆေးထားသည်။နွေ၊မိုး၊ဆောင်းရာသီဥတုသုံးပါးလုံးလုံလောက်မှုရှိသည်။

**(ဈ-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

**ဇယား (၃၈) အိမ်သာ အမျိုးအစား**

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | |
| ရေဆွဲ အိမ်သာ | ၁ |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၈၇ |
| မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | |

| **သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား** | **သုံးစွဲနိုင်သော အိမ်ထောင်စု** |
|---|---|
| တွင်း/ဇလားအိမ်သာ | ၅ |
| တွင်းမရှိ အိမ်သာ | ၀ |
| အိမ်သာမရှိ | ၂၈ |

**ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သုံးစွဲသော အိမ်သာအမျိုးအစားမှာ ရေလောင်း/ယင်လုံအိမ်သာ အမျိုးအစား အများဆုံးဖြစ်ပြီး အိမ်သာမရှိသော အိမ်ထောင်စု နည်းပါးပါသည်။အိမ်သာအသုံးမပြုနိုင်သူ ဝင်ငွေနည်းမိသားစုအနည်းငယ်ရှိပါသည်။တနည်းအားဖြင့် ထိုသူများမှာ ကျန်းမာရေးအသိပညာ နည်းပါးမှု ကြောင့်လည်းဖြစ်ပါသည်။

(ည) ကျား – မ ရေးရာ

ဇယား (၃၉) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☐ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☐ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ရှိ ☐ | မရှိ ☐ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အမျိုးသမီးများမှာ ကျေးရွာစီမံအုပ်ချုပ်ရေးတွင် ပါဝင်လေ့ ရှိသော်လည်း ဝင်ရောက်ဆွေးနွေးမှုနည်းပါးပါသည်။ ထို့ကြောင့် အဖွဲ့အစည်းများအား အမျိုးသားများဖြင့်သာ ဖွဲ့စည်းလေ့ရှိကြသည်။ ကျေးရွာဖွံ့ဖြိုးရေး၊လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု ရှိပါ သည်။ အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အသိပညာဗဟုသုတများကို မာရီစတုပ် အဖွဲ့စည်းမှ လာ ရောက်ဟောပြောလေ့ရှိပါသည်။အမျိုးသမီးများအား အကြမ်းဖက်မှုများမရှိပါ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ ရှိ ရွာတွင်းလမ်းများမှာ မြေနီလမ်းဖြစ်ပြီး နှစ်စဉ်ပြန်လည်ပြုပြင်ထိန်းသိမ်းနေရပါသည်။ ကိုယ်ထူကိုယ်ဖြင့် လုပ်ကိုင်နိုင်ပါသည်။ လမ်းစတင်တည်ဆောက်သည့်နှစ်မှာ ၅နှစ်အထက်တွင်ရှိပါသည်။ ရွာတွင်းချဉ်းကပ်လမ်းမှာ (၁၉၉၀) ခုနှစ်ကပင် စတင်၍ ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထ မြေသားလမ်းဖောက်လုပ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် တိုင်းဒေသကြီး ဘက်ဂျက်ဖြင့် မြေနီလမ်းခင်းပေးခဲ့သည်။ သို့ရာတွင် ယင်းလမ်းမှာ (အလျား ၂.၆ မိုင် * အကျယ် ၁၀ ပေ )ခန့်သာရှိသဖြင့် အရေးပေါ်ကျန်းမာရေး၊ ကုန်တင်ယာဉ်များ ကား(၂) စီးဆုံပါက သွားလာရန် ခက်ခဲပါသည်။ မိုးရွာသွန်းမှုများခြင်း၊ မြေနီခင်းစဉ်ကပင် နည်းပါးခြင်းတို့ကြောင့် ချိုင့်ခွက်များတွင် ရေဝပ်ပြီး သွားလာရ ခက်ခဲ ပါသည်။ ၂၀၁၅ ခုနစ်တွင် ယင်းလမ်းအား ပြုပြင်ရန် JICA အဖွဲ့သို့ တင်ပြတောင်း ဆိုထားပါသည်။ တောင်သူများ၏ သဘောတူညီချက် ရယူရန် လိုအပ်သည်ဟု ညွှန်ကြားမှုကြောင့် တောင်သူများထံမှ သဘောတူညီချက် ရယူပြီးလည်းဖြစ်ပါသည်။ယခုအခါ JICA အဖွဲ့မှ တာဝန်ရှိသူ အပြောင်းအလဲကြောင့် စောင့်ဆိုင်းနေရဆဲဖြစ်သည်။ ကျေးရွာအနီးတွင် မြေနီ၊သဲတို့အခမဲ့ရနိုင်ခြင်း၊ သယ်ယူရန် ယဉ်(ကား၊လှည်း)တို့ လုံလောက်စွာရှိခြင်း၊လမ်းကော်မတီမှာ ၂၀၁၅-၁၆ ကပင် ဖွဲ့စည်းပြီး ရှိခြင်း၊ လုပ်အား၊ငွေအား ထည့်ဝင်ရန် အစီအစဉ်ရှိခြင်းတို့သည် လမ်းပြုပြင်ရန် အခွင်အလမ်းကောင်းများ အဖြစ်ရှိပါသည်။

**(၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု**

**ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ**

| **တံတား အမျိုးအစား** | **အရွယ်အစား (ပေ) (အလျား၊ အနံ၊ အမြင့်)** | **အရည်အသွေး** | **တည်ဆောက်ခဲ့သောနှစ်** | **ရာသီအလိုက် သုံးစွဲနိုင်မှု** |
|---|---|---|---|---|
| ဆိပ်ခံတံတား | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| သစ်သား | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း ☐ | ၆လမှ ၁နှစ် ☐ | ပွင့်လင်းရာသီ ☐ |

| တံတား အမျိုးအစား | အရွယ်အစား (ပေ) (အလျား၊ အနံ၊ အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| တံတား | | သင့် ☐<br>ညံ့ ☐ | ၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေကျော် | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်  ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။  ။ ကျေးရွာတွင် ကုတ်ထုတ်နိုင်ရန်(စပါး သယ်ယူရန် )အလျား ပေ ၃၀ * အကျယ် ၁၀ ပေ * အမြင့် ၆ ပေခန့်  ရှိသော တံတား လိုအပ်ပါသည်။**

**(၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

**ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ခြစ်ပါ)။**

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် □<br>၁၁ မှ ၂၀ မိုင် □<br>၂၁ မှ ၅၀ မိုင် □<br>၅၀မိုင် အထက် □<br>အသုံးမပြုပါ □ | ၁ လှေ၊ သမ္ဗာန် □<br>၂ စက်လှေ □<br>၃ သင်္ဘော □ | ပွင့်လင်းရာသီ □<br>တစ်နှစ်ပတ်လုံး □ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် □<br>၁၁ မှ ၂၀ မိုင် □<br>၂၁ မှ ၅၀ မိုင် □<br>၅၀မိုင် အထက် □<br>အသုံးမပြုပါ □ | ၁ လှေ၊ သမ္ဗာန် □<br>၂ စက်လှေ □<br>၃ သင်္ဘော □ | ပွင့်လင်းရာသီ □<br>တစ်နှစ်ပတ်လုံး □ |

**ရင်းမြစ်     ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။**      ။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အသုံးမပြုပါ။

**(၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

**ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ**

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| လျှပ်စစ်ဓာတ်အားပေးစနစ် | | | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၄၈ | ☒ | ☒ |

**ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် မီးကော်မတီ ဖွဲ့စည်းထားပြီး စီဘီဘဏ်တွင်စုဆောင်းငွေများ(၆၇သိန်းတိတိ)အားအပ်နှံထားပြီးဖြစ်သည်။ကျေးရွာတွင်(၂၀၁၇)ခုနှစ်ကပင်မီးလင်းရေးကော်မတီဖွဲ့စည်းထားရှိပြီး အိမ်ထောင်စုများအားလည်း ကုန်ကျမည့်ငွေကြေး၊ ထည့်ဝင်ရမည့်ငွေကြေးတို့ကို ဆွေးနွေးထားပြီးဖြစ်သည်။ ကျေးရွာတွင် တောင်သူကြီး၊တောင်သူလတ်မှာ တစ်အိမ်လျှင် (၂၅၀၀၀၀) ကျပ်၊တောင်သူငယ်မှာ (၁၅၀၀၀၀-၁၀၀၀၀၀) ကျပ်၊လက်လုပ်လက်စားမှာ (၅၀၀၀၀)ကျပ် သတ်မှတ်ကောက်ခံရန် ဆွေးနွေးပြီးဖြစ်သည်။သို့ရာတွင် မီးရရှိပြီးသော ကျေးရွာနှင့် (၂.၂) မိုင်ဝေးကွာခြင်းကြောင့် လျှပ်စစ်ဦးစီးဌာန၏ ခွင့်ပြုချက် မရရှိသေးဘဲ ကြန့်ကြာနေခြင်းဖြစ်သည်။မီးလင်းရေးကော်မတီမှ လျှပ်စစ်ဦးစီးဌာန၊လွှတ်တော်ကိုယ်စားလှယ်၊အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ တင်ပြတောင်းခံ ထားပြီး ဖြစ်သည်။ယခုအခါ ဆိုလာကို အဓိကအသုံးပြုနေရပြီး ဝင်ငွေနည်းအိမ်ထောင်စုများမှာ ဖယောင်းတိုင်၊ ဘက်ထရီမီး တို့ကို သုံးစွဲနေရသည်။

**(ဍ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

**ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| အရေအတွက် | ၃၃၁ | ၆၆ | ၇၉ | ၃ |

**ရင်းမြစ် အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ များ အသင့်အတင့် ကောင်းမွန်ကြောင်း တွေ့ရပါသည်။

**(ဎ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး**

**ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|

လူငယ်များစာဖတ်ဝါသနာတိုးတက်လာစေရန်၊ အသိပညာများတိုးပွားလာစေရန် စာသင်ကျောင်း များမှစ၍ စာအုပ်၊စာပေများ ဖတ်ရှုနိုင်ရန် ပြန်/ဆက်ဦးစီးဌာနနှင့် ဆက်သွယ်၍ စာအုပ်များ ထားရှိ ပေးခြင်း၊ စာဖတ်ပွဲများ ၊ဗဟုသုတ ဝေမျှခြင်းများကို အတန်းလိုက် လုပ်ဆောင်ပေးခြင်းတို့ကို လုပ်ဆောင်ပေးသင့်ပါသည်။ စိတ်ပါဝင်စားသူ ဦးဆောင်လူငယ်အဖွဲ့ ဖွဲ့စည်း၍ အသိပညာဗဟုသုတတိုးပွားစေမည့် စာအုပ်များ ဝယ်ယူရန် ရံပုံငွေကောက်ခံခြင်း၊ပြန်/ဆက် ဦးစီးဌာနနှင့် ချိတ်ဆက်၍ စာအုပ်များ ငှားရမ်းခြင်းတို့ကို လုပ်ဆောင်၍ အသိပညာတိုးပွားလာစေရန် မြှင့်တင်ဆောင်ရွက်နိုင်ပါသည်။

**(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

**ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် | | |
|---|---|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်း လိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ ☐ | မရှိ ☐ | မဖြေဆိုပါ ☐ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | ရှိ ☐ | မရှိ ☐ | ဖြေဆိုပါ ☐ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ရှိ ☐ | မရှိ ☐ | မဖြေဆိုပါ ☐ |
| မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင် ရာများမှ ဝန်ဆောင်မှုပေးခြင်း | ရှိ ☐ | မရှိ ☐ | မဖြေဆိုပါ ☐ |

**ရင်းမြစ်   ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် တယ်လီဖုန်းတာဝါတိုင်များ မရှိသော်လည်း ဆက်သွယ်ရေးကောင်းမွန်ပါသည်။အာမခံလုပ်ငန်းများအား လက်လှမ်းမီမှုမရှိပါ။သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများလုပ်ဆောင်လျှက်ရှိပြီး မီးဘေးအန္တရာယ်အတွက် အချိန်နှင့် သတိပေးသံချောင်းခေါက်ပေးခြင်း၊နွေရာသီတွင် မီး အသုံးပြုမှုအတွက် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်း၊စစ်ဆေးခြင်းတို့ ပြုလုပ်ပါသည်။မှုခင်း ကိစ္စများအတက် အမှတ်(၃) ရဲစခန်း၊ပြည် မြို့တွင် ပါဝင်ပြီး (၁၄)မိုင်ခန့် ကွာဝေးပါသည်။မှုခင်းကာကွယ်လျော့ချရေးအစီအစဉ်များ မရှိပါ။

**(၈-၂)  မှုခင်းဖြစ်ပွားမှု**

**ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ**

| စဉ် | မှုခင်းအမျိုးအစား | မှုခင်းဖြစ်ပွားမှု အခြေအနေ | | |
|---|---|---|---|---|
| ၁ | လူကုန်ကူးမှု | စိုးရိမ်ရသည် □ | သာမန် □ | မရှိ □ |
| ၂ | ခိုးမှု | စိုးရိမ်ရသည် □ | သာမန် □ | မရှိ□ □ |
| ၃ | မူးယစ်ဆေးသုံးစွဲမှု | စိုးရိမ်ရသည် □ | သာမန် □ | မရှိ □ |
| ၄ | အကြမ်းဖက်မှု | စိုးရိမ်ရသည် □ | သာမန် □ | မရှိ□ □ |

**ရင်းမြစ်   ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မှုခင်းဖြစ်ပွားမှု ကြီးကြီးမားမား မရှိသော်လည်း အရက်သေစာသောက်စားသဖြင့် မူးယစ်ရမ်းကားမှု အသင့်အတင့် ရှိပါသည်။